http://www.dhammadownload.com

နိဗ္ဗာန်ရောက်ကြောင်းအတွက်

လိုအပ်သောအကျင့်မြတ်များ

ကို

မြတ်စွာဘုရားသည်

မေတ္တာသုတ်

တွင်

ဟောကြားထားပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# သစ္စာတရားတော်

နှင့်အညီ

# မေတ္တာသုတ်

# အဖွင့်


ကိုရေးသားပါသည်။

စီစဉ်ထုတ်ဝေသူ
ဦးခင်စိုး

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီး၏ မူအရ

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း,လည်ပုံ,ဖြတ်ပုံ,ဒေသနာ




MOE WIN COLOR

## စိတ္တာနုပဿနာရှုပွားနည်း

❖ အသေမစောင်နဲ့ လူဘဝ ရတုံးရခိုက် တရားရှာပါ။

❖ မသိဘေး အဝိဇ္ဇာ အကန်း ပျောက်ကြ။


❖ အမှားဘေး ဒိဋ္ဌိ အရှုး ပျောက်ကြ။

- အပြင်ဆည့်သည်(၅)နှင့် အတွင်းဆည့်သည်(၆) အိမ်သည်(၂)ခုကို အမောဟနှင့်ရှု ကာမပုဂ္ဂိုလ်မို့ ကာမစိတ်ပေါ်မည်။
- ပေါ်ရာကိုရှု မပေါ်တာရှုမိရင် ပညတ်ဖြစ်မည်။
- ပေါ်လာတဲ့တရား နောက်ကနေကြည့်ရင် အနိစ္စဆိုတဲ့ အပျက်တွေမှ မဂ်ညာဏ် ဖိုညာဏ် နှင့်နီးမည်။
- ဒီနေရာဖြစ် ဒီနေရာပျက်လို့သိပေး အရှုခံလဲ ဓမ္မ ရှုညာဏ်လဲ ဓမ္မ။

ဒါကြောင့် ဓမ္မ ကိုဓမ္မ နှင့်ရှု တဏှာနှင့် မခံစားနှင့် (ဖြစ်+ပျက်) မဂ်နှင့်ခံစား။

အနိစ္စ ဆိုတာ ပျက်စီးတာ
စောင့်ကာကြည့်နေ
ခန္ဓာရှိသရွေ့ ဖြစ်+ပျက်
အနိစ္စ တွေ့ရမယ်
နိဗ္ဗာန် နားရောက်ဖို့ ဖြစ်+ပျက် တွေ့အောင်လုပ်

ဓမ္မဒါန
မောင်ခင်စိုး–စိန်စိန် (မိုးကုတ်ဝိပဿနာပြန့်ပွားရေး)
အမှတ်(၁၇၁) မြစ်နန္ဒာလမ်း
အောင်တော်မူ၊မန္တလေးမြို့။ ☎ ၆၆၂၀၄



MOE WIN COLOR

လင်္ကာဆောင်ပုဒ်

ဗုဒ္ဓသာသနာပြန့်ပွားရေး
အောင်တော်မူ ~ မန္တလေး
အမှတ်(၁၇၁)မြစ်နားလမ်း။ ☎ ၆၆၂၀၉

မူလနှစ်ဖြာ,သင်္ချာနှစ်ခု,လေးခုအလျှာ,အင်္ဂါတဆယ့်နှစ်ပါး,တရားကိုယ်များနှင့် သုံးပါးအစပ်,နှစ်ရပ်မူလ,ဝဋ်သုံးဝနှင့်,ကာလသုံးဖြာ,ခြင်းရာနှစ်ဆယ်,ဤရှစ်သွယ်ကို,အလွယ်ကျက်မှတ်,သိစေအပ်သည့်,သံသရာမှလွတ်ကြောင်းတည်း။

http://www.dhammadownload.com

http://www.dhammadownload.com
ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
ပုံနှိပ်သူများနှင့် ထုတ်ဝေသူများပာဟိုမှတ်ပုံတင်အဖွဲ့

| | | |
|---|---|---|
| စာအမှတ် | - | ၃၀၀/၃က-၁/ဦး၁ |
| ရက်စွဲ | - | ၂၀၀၂ခုနှစ်၊ဧပြီလ(၁၀)ရက် |
| စာမူခွင့်ပြုချက်အမှတ် | - | ၁၈၁/၂၀၀၂(၄) |
| အဖုံးခွင့်ပြုချက်အမှတ် | - | ၂၉၇/၂၀၀၂(၅) |
| ထုတ်ဝေသူ | - | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင် စာပေတိုက်<br>၅၃၃/အေ၊၈ ရပ်၊ပြည်လမ်း<br>ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးထွန်းဦး၊ ညွန့် ပုံနှိပ်တိုက်၊<br>၃၂၁/အောက်ကြည့်မြင်တိုင်လမ်း၊<br>ရန်ကုန်မြို့။ |
| စီစဉ်ထုတ်ဝေသူ | - | ဦးခင်စိုး၊မန္တလေး။ |

http://www.dhammadownload.com

http://www.dhammadownload.com

ဦးခင်စိုး ပြုစုသော

# မေတ္တာသုတ်တရားတော်

| လက်လီလက်ကားရနိုင်သောဌာန | လက်လီရနိုင်သောဌာန |
|---|---|
| ဦးခင်စိုး<br>မိုးကုတ်ဝိပဿနာပြန့်ပွားရေး<br>အမှတ်(၁၇၁)၊မြစန္ဒာလမ်း၊<br>၂၇×၂၈-၆၂×၆၃ ကြား<br>အောင်တော်မူရပ်၊မန္တလေးမြို့။<br>ဖုံး-၀၂-၆၆၂၀၉<br><br>လက်ကားဈေးနှုန်း<br>အုပ်(၅၀)အထက်<br>၂၂၀/-နှုန်း | မန္တလေးမြို့ စာအုပ်ဆိုင်များ<br>နှင့်ရန်ကုန်မြို့ပေါ်<br>ရွှေတိဂုံဘုရား စာအုပ်ဆိုင်များ<br>တွင်ဝယ်ယူ ရရှိနိုင်ပါသည်။<br><br><br><br><br>၂၄၀/-နှုန်း |

မိုးကုတ်
ဝိပဿနာ ပြန့်ပွားရေး
အမှတ်-၁၇၁၊မြစန္ဒာလမ်း၊အောင်တော်မူရပ်
မန္တလေးမြို့။ဖုံး-၀၂-၆၆၂၀၉

http://www.dhammadownload.com

# မေတ္တာသုတ်အဖွင့်


ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏

ဥပနိဿယအတိုင်း

ခန္ဓာ-အာယတန-ဓာတ်-သစ္စာ-ပဋိစ္စသမုပ္ပါဒ် တရားများကို

အခြေခံကျကျ သိဖို့ရန် **ဉာဏပရိညာ** စာအုပ်ကို

ရှေးဦးစွာ ဖတ်ပါဦး၊ စာအုပ်ထွက်နေပြီ။

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားအပ်သော

**ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေများ**

သက္ကာယဒိဋ္ဌိဆိုတာ ဘယ်အဓိပ္ပါယ်ခေါ်သလဲ -

သက္ကာယဖြစ်ကြောင်းက ဘယ်သူလဲ -

သက္ကာယချုပ်ကြောင်း အကျင့်ကဘာလဲ -

မေးခွန်းမြောက်များစွာ ရှင်းပြသောစာအုပ်ထွက်နေပြီ။

(ကမ္မ\ဘဝ) နှင့် ဇာတိ / ဥပပတ္တိဘဝ အကျယ် ဝိပ္ပလ္လာသ(၁၂)ပါး

အကျယ်တို့ကို များစွာရှင်းပြထားသော -

**ဉာဏပရိညာ (ဒုတိယတွဲ)**

ထွက်ပြီ

http://www.dhammadownload.com

# (က)
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | စာရေးသူ၏အမှာစာ | ၁ မှ ၂ |
| ၂ | မေတ္တာသုတ်ပါဠိတော် | ၃ မှ ၅ |
| ၃ | မေတ္တာသုတ်တစ်လုံးချင်းမြန်မာပြန် | ၆ မှ ၁၅ |
| ၄ | နိဗ္ဗာန်ထွင်းဖေါက်သိမြင်ဖို့သိက္ခာ သုံးရပ်အရေးကြီးပုံ | ၁၆ မှ ၁၇ |
| ၅ | သိက္ခာသုံးရပ်အကျင့်မြတ်ကိုမဂ္ဂင် ရှစ်ပါးနှင့်နှိုင်းယှဉ်ပြပုံ | ၁၈ မှ ၃၆ |
| ၆ | မဂ္ဂင်ရှစ်ပါးအကျင့်မြတ် | ၁၈ မှ ၂၀ |
| ၇ | ပညာမဂ္ဂင်နှစ်ပါး | ၂၀ မှ ၂၄ |
| ၈ | သီလမဂ္ဂင်သုံးပါးမှသမ္မာဝါစာ | ၂၄ မှ ၂၅ |
| ၉ | သီလမဂ္ဂင်သုံးပါးမှသမ္မာကမ္မန္တ | ၂၅ မှ ၂၆ |
| ၁၀ | သီလမဂ္ဂင်သုံးပါးမှသမ္မာအာဇီဝ | ၂၇ မှာ |
| ၁၁ | သီလမဂ္ဂင်သုံးပါးမှသမ္မာဝါယမ နှင့် သမ္မာသတိ | ၂၇ မှာ |
| ၁၂ | နီဝရဏတရား (၅) ပါး | ၂၈ မှ ၃၀ |
| ၁၃ | နီဝရဏတရား (၅) ပါး ပုံပြင် | ၃၁ မှ ၃၅ |

http://www.dhammadownload.com



# မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄ | သမာဓိမဂ္ဂင်(၃)ပါးမှ သမ္မာသမာဓိ | ၃၆ မှာ |
| ၁၅ | နံပါတ်(၂၂) ပဒ်နိဗ္ဗာန်ရောက်လို သူမှာစတုက္ကနိပါတ်အင်္ဂုတ္တိုရ်ပါဠိ တော်အရေးကြီးပုံ | ၃၆ မှ ၃၇ |
| ၁၆ | စတုက္ကနိပါတ်အင်္ဂုတ္တိုရ်မြန်မာပြန် | ၃၇ မှာ |
| ၁၇ | မိုးကုတ်ဆရာတော်ဩဝါဒ | ၃၆ မှ ၃၉ |
| ၁၈ | နံပါတ် (၂၁) မှ (၂၉) ထိမှာ | ၃၉ |
| | သိက္ခာ(၃)ရပ်အခြေခံထားပါတယ် | ၄၀ မှ ၄၂ |
| ၁၉ | ရှေ့ဆက်မှာပါသောသမာဓိမဂ္ဂင်(၃)ပါး နှင့်သိက္ခာ(၃)ရပ်နှင့်မဂ္ဂင်(၈)ပါးမှာ ပါသောသမာဓိမဂ္ဂင်(၃)နှိုင်းယှဉ်ချက် | ၄၃ မှာ |
| | နံပါတ်(၂၆)မှ(၄၆)ထိမေတ္တာသုတ် မှာပါသောတရားများအဓိပ္ပါယ် ရှင်းလင်းချက် | ၄၄ မှ ၅၂ |
| | နံပါတ်(၈၀)မှ(၉၁)ထိရှင်းလင်းချက် | ၅၂ မှ ၅၄ |

http://www.dhammadownload.com



## စာရေးသူ၏အမှာစာ

ကျွန်တော်သည် ဤမေတ္တာသုတ်အဖွင့်ကို ရေးရခြင်းအကြောင်းမှာ -

ငယ်ငယ်က ပရိတ်ကြီး (၁၁)သုတ်ကို ကျက်မှတ်ခဲ့ပါသည်။ အဓိပ္ပါယ်ဘာမျှ မသိခဲ့ပါ ။

ယခုတတိယအရွယ်ရောက်မှ၊ မေတ္တာသုတ်နှင့် မင်္ဂလသုတ်တို့သည် နိဗ္ဗာန်ရောက်ကြောင်း တရားဟု ကြားဖူးသော်လည်း သေချာဂနမသိခဲ့ပါ။

ဓမ္မမိတ်ဆွေ ဦးချစ်သန်းက ကျွန်တော့်အား ၁၅. ၉. ၂၀၀၁နေ့ကဆရာကြီးဦးသုခ၏ မေတ္တာသုတ်အဖွင့်ကို ဓမ္မလက်ဆောင်ပေး၍ ဖတ်ရှုလေ့လာသောအခါနိဗ္ဗာန်ရောက်ကြောင်းတရား၊အခြေခံပါလား လို့တွေ့ရ၍ အလွန်ဝမ်းသာမိပါသည်။

မေတ္တာသုတ်တွင် ပါရှိသောအပုဒ် (၁၄၁) ပုဒ် အနက်မှ အလွန်အရေးကြီးသော စာပုဒ်(၄၈)ပုဒ်ကို ဦးစားပေး၍ ထုတ်နုတ်ပြီး

- မိုးကုတ် ဆရာတော်ဘုရားကြီး၏ ဆိုဆုံးမသော ဝိပဿနာတရားနှင့် ယှဉ်၍ ရေးမှာ ဖြစ်ပါသည်။ ကျန်သော စာပုဒ်များကိုတော့ ဤစာအုပ်တွင် ရိုးရိုး

http://www.dhammadownload.com



ရေးသား၍ အသိရှင်းလင်းပါလိမ့်မည် ခင်ဗျား ။ ဤစာအုပ်တွင် မေတ္တသုတ်ပါဠိတော် (၁၂) ပုဒ်ပါရှိပါသည်။ မြန်မာလို အတိုပြန်ထားတာက (၁၄၁)ပုဒ်ပါ ခင်ဗျား။

ဦးခင်စိုး
အမှတ်(၁၇၁)၊ မြစန္ဒာလမ်း၊
အောင်တော်မူရပ်
၂၇ × ၂၈လမ်းကြား၊ မန္တလေးမြို့။
ဖုန်း - ၀၂-၆၆၂၀၉

http://www.dhammadownload.com



# မေတ္တာသုတ်ပါဠိတော်

၁။ ယဿာနုဘာဝတော ယက္ခာ၊ နေဝ
ဒဿေန္တိ ဘီသနံ။ ယမှိစေဝါနုယုဉ္ဇန္တော။
ရတ္တိန္ဒိဝ မတန္ဒိတော။

၂။ သုခံ သုပတိ သုတ္တော စ၊ ပါပံ ကိဉ္စိ
နပဿတိ။ ဧဝမာဒိဂုဏူပေတံ၊ ပရိတ္တံ
တံ ဘဏာမ ဟေ။

၃။ ကရဏီယမတ္ထ ကုသလေန၊ ယန္တ သန္တံ
ပဒံ အဘိသမေစ္စ။ သက္ကော ဥဇူ စ
သုဟုဇူ စ၊ သုဝစော စဿ မုဒု အနတိ
မာနီ၊

၄။ သန္တုဿကော စ သုဘရော စ၊
အပ္ပကိစ္စော စ၊ သလ္လဟုကဝုတ္တိ။
သန္တိန္ဒြိယော စ နိပကော စ၊
အပ္ပဂဗ္ဘော ကုလေသွ နနုဂိဒ္ဓေါ။

http://www.dhammadownload.com



၅။ န စ ခုဒ္ဒ မာစရေ ကိဉ္စိ၊ ယေန ဝိညူ
ပရေ ဥပဝဒေယျုံ။ သုခိနောဝ ခေမိနော
ဟောန္တု၊ သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၆။ ယေ ကေစိ ပါဏဘူတတ္ထိ၊ တသာ ဝါ
ထာဝရာဝ နဝသေသာ။ ဒီဃာ ဝါ ယေဝ
မဟန္တာ၊ မဇ္ဈိမာ ရဿကာ အဏုက
ထူလာ။

၇။ ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ။ ယေဝ ဒူရေ
ဝသန္တိ အဝိဒူရေ။ ဘူတာ ဝ သမ္ဘဝေသီဝ၊
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

၈။ န ပရော ပရံ နိကုဗ္ဗေထ၊ နာတိမညေထ
ကတ္ထစိနကိဉ္စိ။ ဗျာရောသနာ၊ပဋိဃသညာ
နာညမညဿ ဒုက္ခ မိစ္ဆေယျ။

၉။ မာတာ ယထာ နိယံ ပုတ္တ၊ မာယုသာ
ဧကပုတ္တ မနုရက္ခေ၊ ဧဝမ္ပိ သဗ္ဗဘူတေသု
မာနသံ ဘာဝယေ အပရိမာဏံ။

http://www.dhammadownload.com



၁၀။ မေတ္တဉ္စ သဗ္ဗလောကသ္မိံ၊ မာနသံ
ဘာဝယေ အပရိမာဏံ။ ဥဒ္ဓံ အဓော စ
တိရိယဉ္စ၊ အသမ္ဗာဓံ အဝေရံ အသပတ္တံ။
၁၁။ တိဋ္ဌံ စရံ နိသိန္နော ဝ၊ သယာနော
ယာဝတာဿ ဝိတမိဒ္ဓေါ။ ဧတံ သတိံ
အဓိဋ္ဌေယျ၊ ဗြဟ္မမေတံ ဝိဟာရ မိဓ
မာဟု။
၁၂။ ဒိဋ္ဌိဉ္စ အနုပဂ္ဂမ္မ၊ သီလဝါ ဒဿနေန
သမ္ပန္နော။ ကာမေသု ဝိနယ ဂေဓံ၊ နဟိ
ဇာတုဂ္ဂဗ္ဘသေယျ ပုန ရေတိ။

မေတ္တာသုတ္တံ နိဋ္ဌိတံ။

http://www.dhammadownload.com



# မေတ္တာသုတ်

| | |
|---|---|
| ၁။ ယဿ | အကြြင်မေတ္တာသုတ် ပရိတ်တော်၏ |
| ၂။ အာနုဘာဝတော | အစွမ်းရှိန်စော် အာနုဘော်တော်ကြောင့် |
| ၃။ ယက္ခာ | နတ်အများတို့သည် |
| ၄။ ဘီသနံ | ကြောက်မက်ဖွယ်အာရုံမျိုးကို |
| ၅။ နေဝဒဿေန္တိ | မပြနိုင်ကြကုန် |
| ၆။ ယမှိစေဝ | အကြြင်မေတ္တာသုတ်ပရိတ်တော်၌ သာလျှင် |
| ၇။ ရတ္တိံဒိဝံ | နေ့ညမပြတ်အခါခပ်သိမ်း |
| ၈။ အတန္ဒိတော | ပျင်းရိခြင်းမရှိဘဲ |
| ၉။ အနုယုဉ္ဇန္တော | ထပ်တလဲလဲ စွဲမြဲ စွတ်ပွား အားထုတ်သူသည် |
| ၁၀။ သုခံ | ချမ်းချမ်းသာသာ |
| ၁၁။ သုပတိ | အိပ်စက်ရ၏ |
| ၁၂။ သုတ္တော | အိပ်ပျော်သည်ရှိသော် |
| ၁၃။ ကိဉ္စိ | တစ်စုံတစ်ခုသော |
| ၁၄။ ပါပံ | အိပ်မက်ဆိုးကိုလည်း |
| ၁၅။ နပဿတိ | မမြင်မက်ရ။ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၁၆။ | ဧဝမာဒိ ဂုဏူပေတံ | ဤသို့အစရှိသော အကျိုး ဂုဏ်နှင့် ပြည့်စုံသော |
| ၁၇။ | တံပရိတ္တံ | ထိုမေတ္တာသုတ်ပရိတ်တော်ကို |
| ၁၈။ | ဟေ | အို သူတော်ကောင်းတို့ |
| ၁၉။ | မယံ | ငါတို့သည် |
| ၂၀။ | ဘဏာမ | ရွတ်ကြကုန်စို့ |
| ၂၁။ | သန္တံ | ငြိမ်သက်သော |
| ၂၂။ | ပဒံ | နိဗ္ဗာန်ကို |
| ၂၃။ | အဘိသမေစ္စ | ထွင်းဖောက်သိမြင်၍ |
| ၂၄။ | ဝိဟရိတုကာမေန | နေခြင်းငှာ အလိုရှိသော |
| ၂၅။ | အတ္ထကုသလေန | အကျိုးစီးပွား၌ လိမ္မာသော သူသည် |
| ၂၆။ | ယံကရဏီယံ | အကြင်ပြုကျင့်ရမည့် သိက္ခာ သုံးရပ် အကျင့်မြတ်သည် ပြုသင့်သောအမှု ပြုရာသောမဂ်ကိစ္စသည်၊ |
| ၂၇။ | အတ္ထိ | ရှိ၏ |
| ၂၈။ | တံ | ထိုသိက္ခာသုံးရပ်အကျင့်မြတ် ကို |
| ၂၉။ | ကရဏီယံ | ပြုကျင့်ထိုက်ပေ၏ |
| ၃၀။ | သက္ကောစ | စွမ်းနိုင်သူသည်၎င်း |

http://www.dhammadownload.com



| | |
|---|---|
| ၃၁။ ဥဇုစ | ဖြောင့်မတ်သူသည်၎င်း |
| ၃၂။ သုဟုဇုစ | အလွန်ဖြောင့်မတ်သူသည်၎င်း |
| ၃၃။ သုဝစောစ | ဆိုဆုံးမလွယ်သူသည်၎င်း |
| ၃၄။ မုဒုစ | နူးညံ့ပျော့ပျောင်းသူသည်၎င်း |
| ၃၅။ အနတိမာနီစ | မာန်ထောင်လွှားခြင်း မရှိသူသည်၎င်း |
| ၃၆။ အဿ | ဖြစ်ရာ၏ |
| ၃၇။ သန္တုဿကောစ | တင်းတိမ်ရောင့်ရဲ လွယ်သူ သည်၎င်း |
| ၃၈။ သုဘရောစ | အမွေးအမြူလွယ်သူသည်၎င်း |
| ၃၉။ အပ္ပကိစ္စောစ | နည်းပါးသောကိစ္စရှိသူသည်၎င်း |
| ၄၀။ သလ္လဟုကဝုတ္တိ | ပေါ့ပါးသောအဖြစ်ရှိသူသည်၎င်း |
| ၄၁။ သန္တိန္ဒြိယောစ | ငြိမ်သက်သောဣန္ဒြေရှိသူသည်၎င်း |
| ၄၂။ နိပကောစ | ရင့်ကျက်သောပညာရှိသူသည်၎င်း |
| ၄၃။ အပ္ပဂဗ္ဘောစ | ကြမ်းတမ်းရိုင်းပျခြင်း မရှိသူသည်၎င်း |
| ၄၄။ ကုလေသု | အိမ်သားအိမ်သူ လူတို့၌ |
| ၄၅။ အနနုဂိဒ္ဓေါစ | တွယ်တာမက်မောခြင်း မရှိသူသည်၎င်း |
| ၄၆။ အဿ | ဖြစ်ရာ၏ |

http://www.dhammadownload.com



| | | |
|---|---|---|
| ၄၇။ | ယေန | အကြင်ဒုစရိုက်စု ယုတ်ညံ့သောအမှုကြောင့် |
| ၄၈။ | ဝိညူ | ပညာရှိဖြစ်ကုန်သော |
| ၄၉။ | ပရေ | သူတစ်ပါးတို့သည် |
| ၅၀။ | ဥပဝဒေယျုံ | ကဲ့ရဲ့ပြစ်တင်ကုန်ရာ၏ |
| ၅၁။ | ခုဒ္ဒံ | သေးငယ်သော |
| ၅၂။ | တံ | ထိုဒုစရိုက်မျိုးကို |
| ၅၃။ | ကိဉ္စိ | အနည်းငယ်ကလေးမျှကိုပင် |
| ၅၄။ | နအာစရေ | မပြု မကျင့်ရာ |
| ၅၅။ | သဗ္ဗေသတ္တာ | သတ္တဝါမှန်သမျှတို့သည် |
| ၅၆။ | သုခိနောဝါ | ကိုယ်၏ ချမ်းသာခြင်း ရှိကုန် သည်၎င်း |
| ၅၇။ | ခေမိနောဝါ | ဘေးရန်ကင်းဝေး အေးချမ်း သာယာခြင်း ရှိကုန်သည်၎င်း |
| ၅၈။ | ဟောန္တု | ဖြစ်ကြပါစေကုန်သတည်း |
| ၅၉။ | အနဝသေသာ | ကြွင်းမဲ့ဥဿုံအလုံးစုံကုန်သော |
| ၆၀။ | ယေတသာဝါ | အကြင် ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခတို့သည်၎င်း |
| ၆၁။ | ယေထာဝရာဝါ | အကြင် မထိတ်လန့် တည်တံ့ ခိုင်မြဲသောရဟန္တာတို့သည်၎င်း |

http://www.dhammadownload.com


| | |
|---|---|
| ၆၂။ ယေဒီဃာဝါ | အကြြင်စန္ဓာကိုယ် ရှည်လျား သတ္တဝါများတို့.သည်၄င်း |
| ၆၃။ ယေမဟန္တာဝါ | အကြြင်စန္ဓာကိုယ် ကြီးမား သတ္တဝါများတို့.သည်၄င်း |
| ၆၄။ ယေမဇ္ဈိမာဝါ | အကြြင် မတို မရှည် မကြီး မငယ် အစွယ်အလတ်စား သတ္တဝါများတို့.သည်၄င်း |
| ၆၅။ ယေရဿကာဝါ | အကြြင် ပုက္ကနိမ့်တို ခန္ဓာကိုယ် ရှိသောသတ္တဝါများတို့သည်၄င်း |
| ၆၆။ ယေအဏုကာဝါ | အကြြင် သေးငယ် မှုန်မွှား သတ္တဝါမျိုးတို့သည်၄င်း |
| ၆၇။ ယေထူလာဝါ | အကြြင် ဝိုင်းစက် ဆူဖြိုး သတ္တဝါမျိုးတို့.သည်၄င်း |
| ၆၈။ ယေဒိဋ္ဌာဝါ | အကြြင်မြင်ဘူးသော သတ္တဝါ တို့.သည်၄င်း |
| ၆၉။ ယေအဒိဋ္ဌာဝါ | အကြြင် မမြင်ဘူးသော သတ္တဝါ တို့သည်၄င်း |
| ၇၀။ ယေဒူရေဝသန္တိ | အကြြင်အဝေး အရပ်၌နေကြ ကုန်သောသတ္တဝါတို့.သည်၄င်း |

http://www.dhammadownload.com



| | | |
|---|---|---|
| ၄၁။ | ယေအဝိဒူရေဝသန္တိ | အကြောင်းအနီးအရပ်၌ နေကြကုန်သောသတ္တဝါတို့သည်၄င်း |
| ၄၂။ | ယေဘူတာဝါ | အကြောင်းနောင်မဖြစ်ရဖြစ်ပြီးသား ဖြစ်ကြသော ရဟန္တာတို့သည်၄င်း |
| ၄၃။ | ယေသမ္ဘဝေသီဝါ | နောင်ဖြစ်ရမည့် ဘဝကို ရှာ အကြောင်းပုထုဇဉ်သေက္ခသတ္တဝါ တို့သည်၄င်း |
| ၄၄။ | ယေကေစိ | အလုံးစုံကုန်သော |
| ၄၅။ | ပါဏာဘူတာ | သတ္တဝါတို့သည် |
| ၄၆။ | အတ္ထိ | ရှိကုန်၏ |
| ၄၇။ | ဣမေပိသဗ္ဗသတ္တာ | ဤအလုံးစုံကုန်သော သတ္တဝါ တို့သည်၄င်း |
| ၄၈။ | သုခိတတ္တာ | ချမ်းသာအေးမြ ကိုယ်စိတ် နှစ်ပါး ရှိကြကုန်သည် |
| ၄၉။ | ဘဝန္တု | ဖြစ်ကြပါစေကုန်သတည်း |
| ၅၀။ | ပရော | တစ်ပါးသူတစ်ယောက်သည် |
| ၅၁။ | ပရံ | သူတစ်ပါးဟူ အခြားသူ တစ်ယောက်ကို |
| ၅၂။ | နနိကုဗ္ဗေထ | ခဉ်းလဲသမှု လှည့်ပတ်ခြင်း မပြုပါစေလင့် |

http://www.dhammadownload.com



၈၃။ ကာတ္တစိ — ကြာစ်စုံတစ်ခုသော အရပ်၌
၈၄။ ကိဉ္စိ — တစ်စုံတစ်ယောက်သော
၈၅။ နံ — ထိုသူတစ်ပါးကို ။
၈၆။ နာတိမညေထ — မာန်ထောင်သမှု မထီမဲ့မြင်
— မပြုပါစေလင့် ။
၈၇။ ဗျာရောသနာ ပဋိဃသညာ — ကိုယ်နှုတ်တို့ဖြင့် စော်ကား
— ထိပါး နှိပ်စက်ခြင်းဖြင့်၎င်း
၈၈။ ပဋိဃသညာယ — ဒေါသစိတ်ဖြင့်၎င်း ။
၈၉။ အညမညဿ — အချင်းချင်း၏ ။
၉၀။ ဒုက္ခံ — ဆင်းရဲခြင်းကို ။
၉၁။ နဣစ္ဆေယျ — အလိုမရှိပါစေလင့် ။
၉၂။ မာတာ — မွေးသမိခင်ကျေးဇူးရှင်သည်
၉၃။ နိယံပုတ္တံ — မိမိရင်နှစ်သားရင်းဖြစ်သော
၉၄။ ဧကပုတ္တံ — တစ်ဦးတည်းသောသားကို
၉၅။ အာယုသာ — မိမိအသက်ဖြင့်သော်ပင်
၉၆။ အနုရက္ခေယျထာ — အစဉ်မကွာ ကွယ်ကာ
— စောင့်ရှောက်ဘိသကဲ့သို့
၉၇။ ဧဝမ္ပိ — ဤအတူလည်း
၉၈။ သဗ္ဗဘူတေသု — အလုံးစုံသောသတ္တဝါတို့၌

http://www.dhammadownload.com




၉၉။ အပရိမာဏံ အတိုင်းအတာပမာဏမရှိသော

၁၀၀။ မာနသံ မေတ္တာစိတ်ကို

၁၀၁။ ဘာဝယေ အကြိမ်ကြိမ် အဖန်ဖန်ပွားများ
ရာ၏

၁၀၂။ ဥဒ္ဓံ အထက်လောကအရူပဘုံ၌လည်းကောင်း

၁၀၃။ အဓော အောက်ပြည့်ဝသော ကာမ
ဘုံ၌လည်းကောင်း

၁၀၄။ တိရိယဉ္စ အလယ်လောကရူပဘုံ၌လည်းကောင်း

၁၀၅။ သဗ္ဗလောကသ္မိံ အလုံးစုံသောလောက၌

၁၀၆။ အပရိမာဏံ အတိုင်းအတာပမာဏမရှိသော

၁၀၇။ မေတ္တံ မေတ္တာနှင့်ယှဉ်သော

၁၀၈။ မာနသံ စိတ်ကို

၁၀၉။ အသမ္ဗာဓံ အပိုင်းအခြားကန့်သတ်
ကျဉ်းမြောင်းခြင်းမရှိသည်ကို

၁၁၀။ အဝေရံ ဒေါသဟူသော အတွင်းရန်လည်း
မရှိသည်ကို

၁၁၁။ အသပတ္တံ ပြင်ပစကာရန်မှု ရန်လည်း
မရှိ သည်ကို

၁၁၂။ [illegible] ပြု၍

၁၁၃။ ဘာဝယေ ပွားများရာ၏

http://www.dhammadownload.com



| | |
|---|---|
| ၁၁၄။ တိဋ္ဌဝါ | ရပ်လျက်သော်၎င်း |
| ၁၁၅။ စရံဝါ | သွားလျက်သော်၎င်း |
| ၁၁၆။ နိသိန္နောဝါ | ထိုင်လျက်သော်၎င်း |
| ၁၁၇။ သယာနောဝါ | အိပ်လျက်သော်၎င်း |
| ၁၁၈။ ယာဝတာ | အကြင်မျှလောက် |
| ၁၁၉။ ဝိတမိဒ္ဓေါ | အိပ်ချင်ငိုက်မျဉ်းခြင်း မရှိသည်ကို |
| ၁၂၀။ အဿ | ဖြစ်ရာ၏ |
| ၁၂၁။ အထ | ငိုက်မျဉ်းခြင်း ကင်း |
| | ထိုအချိန် အတွင်း၌ |
| ၁၂၂။ ဧတံသတိံ | ထိုမေတ္တာယှဉ်သတိစျာန်သတိကို |
| ၁၂၃။ အဓိဋ္ဌေယျ | စွဲမြဲမကွာ ဆောက်တည်ရာ၏ |
| ၁၂၄။ ဣဓ | ဤဘုရားသာသနာတော်၌ |
| ၁၂၅။ ဧတံ | ဤမေတ္တာမကင်း စျာန်ဖြင့် |
| | နေခြင်းကို |
| ၁၂၆။ ဗြဟ္မံ | ထူးမြတ်သော |
| ၁၂၇။ ဝိဟာရံ | နေခြင်းမျိုးဟူ၍ |
| ၁၂၈။ အာဟု | မြတ်စွာဘုရားတို့ |
| | ဟောကြားတော် မူကုန်ပြီ |
| ၁၂၉။ သော | ထိုမေတ္တာစျာန်ရပြီးသော |

http://www.dhammadownload.com



ယောဂီ ပုဂ္ဂိုလ်သည်

၁၃၀။ ဒိဋ္ဌိဉ္စ အတ္တာဒိဋ္ဌိသို့လည်း
၁၃၁။ အနုပဂ္ဂမ္မ မစွဲယူ မကပ်ရောက်မူ၍
၁၃၂။ သီလဝါ လောကုတ္တရာ သီလရှိသူတည်း
၁၃၃။ ဒဿနေန သောတာပတ္တိမဂ်ဉာဏ်ဖြင့်
၁၃၄။ သမ္ပန္နော ပြည့်စုံသူသည်
(သမနော့ဖြစ်လျက်)
၁၃၅။ ကာမေသု ဝတ္ထုအာရုံ ကာမဂုဏ်တို့၌
၁၃၆။ ဂေဓံ ကိလေသာဖြင့် တွယ်တာ
မက်မောခြင်းကို
၁၃၇။ ဝိနေယျ တစမကြွင်းအရှင်းပယ်ရှား ပြီးသော်
၁၃၈။ ဇာတု ခင်စစ်ကေန်အမှန်ပင်
၁၃၉။ ပုန နောက်ထပ်တစ်ဖန်
၁၄၀။ ဂဗ္ဘသေယျံ ပဋိသန္ဓေတည်နေခြင်းသို့
၁၄၁။ နဧတိ မရောက်ရတော့ပေ။

မေတ္တာသုတ်ပြီး၏။

http://www.dhammadownload.com



[illegible]

မေတ္တာသုတ်တွင်ဖော်ပြရှိသော [illegible] အရေးကြီးသည့်

စာပုဒ် (၄) ရဲ့ဖွင့်မှု ဆရာတော်များမှာ [illegible]

၂၁။ [illegible] ငြိမ်းသက်သော [illegible]

၂၂။ ပဒံ [illegible] နိဗ္ဗာန်ကို [illegible]

၂၃။ အဘိသမေစ္စ [illegible] ထွင်းဖောက်သိမြင်၍ [illegible]

၂၄။ ဝိဟရိတုံ [illegible] အလိုရှိသော

၂၅။ [illegible] အကျိုးစီးပွားကို လိုလားသော [illegible]

[illegible] သည်

၂၆။ ယံကရဏီယံ [illegible] အကြင်ပြုကျင့်ရမည့်သိက္ခာ

[illegible] အကျင့်ဖြစ်သည် [illegible]

၂၇။ အတ္ထိ [illegible]

[illegible]

စာဖတ်သူ [illegible] များသိရှိအောင် ရိုးရိုးရှင်းရှင်းပဲ

အထက်ပါစာပုဒ်တို့ရှင်းပြလိုက်ပါတယ်။ [illegible]

မဂ္ဂ ရှိရမှာက သိက္ခာသုံးရပ်ပါ။ သိက္ခာသုံးရပ်တည်း

ဟူသော(သီလ) (သမာဓိ) (ပညာ)နှင့်ပြည့်စုံသောသူ

သာလျှင်(သန္တံ) ငြိမ်းသက်သော၊ (ပဒံ) နိဗ္ဗာန်ကို

ရောက်ရာ ရောက်ကြောင်းဖြစ်သော ဝိပဿနာမဂ်ပညာ

အဓိကထား၍ ရေးရပါသည်ခင်ဗျား။

http://www.dhammadownload.com



သုခနိဗ္ဗာန်။ အသန္တနိဗ္ဗာန်။ အတ္တိနိဗ္ဗာန်။

နိဗ္ဗာန် ရောက်ကြောင်းတရားသည်၊ ပုထုဇဉ် မှ စခဲ့ရ၍ အရိယာ ဖြစ်အောင်ကျင့်၍ရခဲ့ရသောတရားပါ။ ပုထုဇဉ်မှာ သိက္ခာသုံးရပ် သည် မြဲအောင်စောင့်ထိန်း ရမည့် သီလ၊ သမာဓိ ပညာ ပါ။ သောတာပန် အရိယာ သူတော်စင် သည် စောင့်ထိန်းမှု မလိုဘဲ မြဲသော သိက္ခာ သုံးရပ် ရှိပြီး ဖြစ်ပါသည်။

ယခု သိက္ခာသုံးရပ် ကို ကျွန်တော်လေ့လာသိရှိ ရသလောက် တင်ပြပါမယ်။

၂၆- ယံကရဏီယံ ၊ ပြုကျင့်ရမည့်သိက္ခာသုံးရပ် အကျင့်မြတ်သည်၊

၂၇- အတ္တိ ရှိ၏ ဆိုသောတရားကိုရှင်းပြပါမယ်။

| | |
|---|---|
| သမ္မာဒိဋ္ဌိ<br>သမ္မာသင်္ကပ္ပ | ပညာမဂ္ဂင်(၂)ပါး |
| သမ္မာဝါစာ<br>သမ္မာကမ္မန္တ<br>သမ္မာအာဇီဝ | သီလမဂ္ဂင်(၃)ပါး |
| သမ္မာဝါယာမ<br>သမ္မာသတိ<br>သမ္မာသမာဓိ | သမာဓိမဂ္ဂင်(၃)ပါး |

http://www.dhammadownload.com


## သိက္ခာသုံးရပ် အကျင့်မြတ်ကို မဂ္ဂင်ရှစ်ပါးမှ သီလ၊ သမာဓိ၊ ပညာနှင့် နှိုင်းယှဉ်ဝေဖန်ခြင်း

၁။ သမ္မာဒိဋ္ဌိ ကောင်းစွာမြင်ခြင်း
၂။ သမ္မာသင်္ကပ္ပ ကောင်းစွာကြံစည်ခြင်း
၃။ သမ္မာဝါစာ ကောင်းစွာပြောဆိုခြင်း
၄။ သမ္မာကမ္မန္တ ကောင်းစွာပြုလုပ်ခြင်း
၅။ သမ္မာအာဇီဝ ကောင်းစွာအသက်မွေးခြင်း
၆။ သမ္မာဝါယာမ ကောင်းစွာအားထုတ်ခြင်း
၇။ သမ္မာသတိ ကောင်းစွာအောက်မေ့ခြင်း
၈။ သမ္မာသမာဓိ ကောင်းစွာတည်ကြည်ခြင်း

## မဂ္ဂင်ရှစ်ပါး အကျင့်မြတ်

(၁) သမ္မာဒိဋ္ဌိ =သစ္စာလေးပါး တရားမြတ်ကို ကောင်းစွာမြင်ခြင်း။

(၂) သမ္မာသင်္ကပ္ပေါ =ဝိတက် သုံးပါးမှ ကင်း၍ ကောင်းသောအကြံကိုကြံခြင်း။

http://www.dhammadownload.com



(၃) သမ္မာဝါစါ =ဝစီဒုစရိုက် လေးပါးမှ ကြဉ်၍ ကောင်းသောစကားကိုပြောဆိုခြင်း

(၄) သမ္မာကမ္မန္တော =ကာယဒုစရိုက်သုံးပါးမှကြဉ်၍ ကောင်းသောအမှု ပြုလုပ်ခြင်း

(၅) သမ္မာအာဇီဝေါ =အမ္မိကဝါဏိဇ္ဇငါးပါးမှကြဉ်၍ အသက်မွေးခြင်း

(၆) သမ္မာဝါယမော =ကုသိုလ်တရားတို့ကိုဖြစ်အောင် လုံ့လပြုခြင်း

(၇) သမ္မာသတိ =နီဝရဏတရားငါးပါး မဖြစ်အောင် ဆင်ခြင်တားဆီးခြင်း

(၈) သမ္မာသမာဓိ =ကုသိုလ်တရားတို့ကို အာရုံ၌ တည်မြဲအောင်ထားနိုင်ခြင်း

သိက္ခာသုံးရပ်နှင့် ယှဉ်တွဲနေသော မဂ္ဂင်ရှစ်ပါးကို ရှင်းပြပါမည်။

http://www.dhammadownload.com



## ပညာမဂ္ဂင် နှစ်ပါးမှသမ္မာဒိဋ္ဌိ

သမ္မာဒိဋ္ဌိ သစ္စာလေးပါးသည် ဒုက္ခသစ္စာ၊သမုဒယ
သစ္စာ၊နိရောဓသစ္စာ၊မဂ္ဂသစ္စာဖြစ်ပါသည်။
ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည်ပိဋကနဝ
အမြဲမပြတ်နှိပ်စက်ခံရတာလဲဒုက္ခသစ္စာ။
ကိလေသာမီးက အမြဲလောင်မြိုက်နေတာလဲ
ဒုက္ခသစ္စာ ကိလေသာမီး နဲ့ ခန္ဓာထင်း
ယှဉ်တွဲ၍ အမြဲလောင် အမြိုက်ခံရတာလဲ
ဒုက္ခသစ္စာပါခင်ဗျား။ ဒုက္ခဖြစ်ရခြင်း
အကြောင်းရင်းကတော့ သမုဒယသစ္စာပါ။
ဒီဒုက္ခဖြစ်ကြောင်း သမုဒယရဲ့ အရင်းကျ
သော လောဘသည်ကတော့ (အဝိဇ္ဇာ)
(တဏှာ)(ဥပါဒါန်)ကိလေသာဝဋ်သုံးပါးနှင့်
ကုသိုလ်ဝဋ်(၂)ပါးကတော့ သင်္ခါရ နှင့် ကမ္မဘဝ
ပါခင်ဗျား။ ဒုက္ခသစ္စာ ကို အကြောင်း
ရင်းရှာတော့ သမုဒယ ကြောင့်ဆိုတာ
ပေါ်လွင်တာပေ့ါ။ ဆင်းရဲတဲ့ အကြောင်း
ရင်းနဲ့ဆင်းရဲတာသိတော့လွတ်မြောက်ချင်တယ်။
လွတ်မြောက်ချင် တာက နိရောဓသစ္စာပါ။

http://www.dhammadownload.com



ဆင်းရဲချုပ်ရာ အမှန် နိရောဓသစ္စာ ကို
အလိုရှိ တာပေါ့။ဆင်းရဲတာ အမှန်သိမှ
လွတ်မြောက်ချင်တာပေါ့၊လွတ်မြောက်ချင်
တာက နိရောဓသစ္စာ၊ လွတ်မြောက်ရာ
ရှာကြံတာက မဂ္ဂသစ္စာ ပါ။ဤအသိမျိုး
သည်ဆရာကောင်းမတွေ့ဘဲနဲ့သိလိမ့်မည်
မဟုတ်ပါ။

## ပညာမဂ္ဂင်နှစ်ပါးမှသမ္မာသင်္ကပ္ပ

**သမ္မာသင်္ကပ္ပ** ဝိတက် သုံးပါးမှ ကင်း၍ ကြံခြင်း။

(၁)ကာမဝိတက် ဆိုတာငါးပါးအာရုံ ကာမဂုဏ် ကို လိုလားနှစ်သက်၍ ကြံတာမျိုး။

(၂)ဗျာပါဒဝိတက်ဆိုတာသူတစ်ပါးကို သတ်ရန်ကြံစည်ခြင်း။

(၃)ဝိဟိံသဝိတက်ဆိုတာသူတစ်ပါးကို ညှဉ်းဆဲရန် ကြံစည်ခြင်း

အထက်ပါဝိတက်သုံးမျိုးကင်း၍ကြံစည်ခြင်း။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း
သမ္မာသက်ပွကို တင်ပြပါမယ်။

သမ္မာသက်ပွ သစ္စာလေးပါးကို ပိုင်းပိုင်းခြားခြားနဲ့ သိမြင်သော။ သမာဓိဋ္ဌိဉာဏ်ရပြီးသား ယောဂီသည် မိစ္ဆာသက်ပွ မဖြစ်တော့ပါ။ သမ္မာသက်ပွနှင့်ပတ်သက်၍အကျယ် သိရှိစေရန်မှာ ကျွန်တော်ပြုစုသော ဉာတပရိညာ ဒုတိယတွဲ စာအုပ် စာမျက်နှာ (၅၅)မှ (၅၈)ထိကြည့်ပါ။

ဘုရားနှင့် မိုးကုတ်ဆရာတော်ဟောတဲ့ တရားများ အပေါ်မှာယောဂီများက ဉာဏ်မမီသေးသောတရားကို ဉာဏ်မီအောင်၊ မသိသေးတဲ့တရားကို သိအောင်၊ ရုပ်နာမ် ဓမ္မသင်္ခါရတရားတွေ မည်ကဲ့သို့ဆက်စပ်ပုံ တရားများ။

ဝိစိကိစ္ဆာရှင်းလို့ ဒိဋ္ဌိပြုတ်တာလား၊ ဒိဋ္ဌိပြုတ်လို့ ဝိစိကိစ္ဆာရှင်းတာလား ဆိုတာမျိုးနှင့် *စက္ခုံစ၊ ပဋိစ္စ၊ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံတိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿ*

http://www.dhammadownload.com



ပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာ ပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ကမ္မဘဝေါ --- ဟု ဟောသော တရားများကိုသက်ပွ လုပ်နိုင်လျှင် ပိုကောင်း ပါတယ်။

မျက်စိနှင့်အဆင်းတိုက်၍မြင်စိတ်ပေါ်တာသည် အလိုလိုပေါ်တာမဟုတ်ပါရုပ်နှစ်ခုပေါင်းဆုံလို့ပေါ်တဲ့ မြင်စိတ်လို့ သိတော့ ဝိစိကိစ္ဆာ ရှင်းတာပေါ့။ပြုပြင်၍ ပေါ်ရသောမြင်စိတ် ကိုသိတော့ ဥစ္ဆေဒဒိဋ္ဌိ စင်တာပေါ့။ မြင်စိတ်သည် ပြုပြင်၍ပေါ်ရသော သင်္ခါရ မို့အနိစ္စမှာ လမ်းဆုံးတာသိတော့သဿတဒိဋ္ဌိစင်တာပေါ့။မြင်စိတ် ဖြစ်ပျက်သိတော့။ သက္ကာယ အပေါ်မှာ ငါဟူသော ဒိဋ္ဌိ စင်တာပေါ့။သမ္မာသက်ပွ နှင့်ကြံမှဘုရားအလိုကျ နှင့်ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးကြိုက်တဲ့ သမ္မာသက်ပွ ဖြစ်ပါသည် ခင်ဗျား။

ယောဂီနှင့်ကျွန်တော်တို့သည်မိုးကုတ်ဆရာတော် ဘုရားကြီး၏ တရားကိုနာကြပါ။ တရားနာများမှသာ သမ္မာသက်ပွဉာဏ် အားကောင်းလာလို့ သမ္မာဒိဋ္ဌိဉာဏ် ရမှာပါ။ အောက်မဂ်ရဘို့ကတော့ သမ္မာသက်ပွ အရေးကြီးတယ်။ သက်ပွ အားကောင်းမှ ဉာဏ်ဖြစ်တယ်။ ဉာဏ်ဖြစ်မှဒိဋ္ဌိ စင်တယ်။ ဒိဋ္ဌိ စင်မှသမ္မာဒိဋ္ဌိ ဖြစ်တယ်။

http://www.dhammadownload.com



ဒိဋ္ဌိ စင်ရင် သမ္မာဒိဋ္ဌိ ဦးဆောင်လို့ သမ္မာသင်္ကပ္ပ က နောက်လိုက်ဖြစ်တော့ သောတာပန်မှ အထက်မဂ် ရဟန္တာထိ ဖြစ်တယ်ဆိုတာ၊ သမ္မာဒိဋ္ဌိ ဦးဆောင်၍ သမ္မာသင်္ကပ္ပ နောက်လိုက်ဖြစ်တယ်။ အဲဒါကြောင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ လို့ ဟောတာပါ။

## သီလမဂ္ဂင်သုံးပါးမှ သမ္မာဝါစာ

**သမ္မာဝါစာ** — ဝစီဒုစရိုက် လေးပါးမှ ကြဉ်၍ ကောင်းသောစကားကို ပြောဆိုခြင်း။

(၁) မုသာဝါဒါ — မဟုတ်မမှန်သော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၂) ဖရုသဝါစာ — နားမခံသာအောင် ကြမ်းတမ်း ယုတ်မာစွာသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၃) သမ္ဖပ္ပလာပဝါစာ — နိဗ္ဗာန်မှ ပီလာဖြစ်သော သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

(၄) ပိသုဏဝါစာ — သူနှစ်ယောက်တို့ အချစ်ပျက်အောင် ကုန်းချောသောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း။

http://www.dhammadownload.com



ကျောက်ရှုံးရှုံးချမ်းမိုးကုတ်ဆဲ ရှုရွှေတော်ဘုရားကြီး၏ ဆုံးမဩဝါဒတို့ရှည်း တင်ပြပါမယ်။

သမ္မာဝါစာ

၁။ သုဘာသိတ - လောကီ လောကုတ္တရာ ချမ်းသာရေးနှင့် အကျိုးစီးပွားများနှင့် ယှဉ်ရသည့် ကောင်းမြတ်သောစကား ။

၂။ ပိယဝါစာ - ချစ်ခင်နှစ်လိုဖွယ်ဖြစ်သောစကား။

၃။ ဓမ္မဝါစာ - တရားတော်နှင့် ညီညွတ်သော စကား။

၄။ သစ္စဝါစာ - ဖြောင့်မှန်သောစကား။

သီလမဂ္ဂင်(၃)ပါးမှ သမ္မာကမ္မန္တ

ကာယဒုစရိုက် (၃)ပါးမှ ကြဉ်ရှောင်ကျောင်းသော အမှု ပြုလုပ်ခြင်း

၁။ ပါဏာတိပါတ ဝိရတီ = သူ့အသက်ကိုမသတ်ခြင်း။

၂။ အဒိန္နာဒါန ဝိရတီ = သူတစ်ပါး၏ဥစ္စာကို မခိုးခြင်း။

http://www.dhammadownload.com



၃။ ကာမေသု မိစ္ဆာစါရ ဝိရတီ= သူတစ်ပါး၏ သားမယားနှင့် မေထုန်မှု မပြုခြင်း။

ကံနှင့်ပတ်သက်၍ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အဆုံးအမကို ကျွန်တော် ကြားနာဖူးသည်မှာ

၁။ အဖြူကံ။
၂။ အမဲကံ။
၃။ အဖြူအမဲရောသောကံ။
၄။ အဖြူအမဲ မရောသောကံ။

သမ္မာဒိဋ္ဌိဉာဏ် ဦးစီးထားတော့ အဖြူကံလုပ်မယ်။ အဖြူအမဲ မရောတဲ့ကံလုပ်မယ်။ (သုဒ္ဓကံ)

အဘယ်ကြောင့်ဆိုသော် ကာယကံ၊ ဝစီကံ၊ မနောကံ သည် မည်သူကရှေ့လဲဆိုရင် မနောကံ ရှေ့ပြေး ရှိလို့ ကာယကံ၊ ဝစီကံ ဖြစ်တာပါ။ အဲဒါကြောင့် ဆရာတော်က မနောပုဗ္ဗင်္ဂမာ မွှော လို့ ဟောဖူးပါ သည်။

http://www.dhammadownload.com



## သီလမဂ္ဂင်(၃) ပါးမှ သမ္မာအာဇီဝ

မှန်ကန်သောအသက်မွေးမှုဆိုတာသမ္မာအာဇီဝ ပါပဲယောဂီတိုင်းသိပြီးသားစကားပါ။

## သမာဓိမဂ္ဂင်(၃)ပါးမှ

၁။ သမ္မာဝါယမော - လောကီလောကုတ္တရာတရား၊ ကုသိုလ်တရားတို့ကိုဖြစ်အောင် လုံ့လပြုခြင်း၊သမ္မာဒိဋ္ဌိဉာဏ်ဦးစီး ပြီးသား ယောဂီမှာ မိစ္ဆာ ဝါယမ မကောင်းတဲ့ အလုပ်ကို မလုပ် တော့ပါဘူး။

## သမာဓိမဂ္ဂင် (၃)ပါးမှ သမ္မာသတိ

သမ္မာသတိ ဆိုသည်မှာ နီဝရဏ တရားငါးပါးက သမ္မာသတိဉာဏ် မဖြစ်အောင်တားဆီး ခြင်းကိုသတိဖြင့်ကောင်းစွာအောက်မေ့ခြင်း။

http://www.dhammadownload.com


## နီဝရဏတရား (၅)ပါးမှာ

၁။ ကာမစ္ဆန္ဒနီဝရဏ –ငါးပါးအာရုံကာမဂုဏ်

(၁) မြင်စိတ်ကို အကြောင်းပြု၍
ဖြစ်လာသော ကာမဂုဏ် ကို
ဝိပဿနာဉာဏ် ဖြင့် အနိစ္စ ဟု
မတားနိုင်သော နီဝရဏ တရား

(၂) ကြားစိတ်ကို အကြောင်းပြု၍
ဖြစ်လာသော ကာမဂုဏ် ကို
ဝိပဿနာဉာဏ် ဖြင့် အနိစ္စ ဟု
မတားဆီးနိုင်သော နီဝရဏ တရား။

(၃) နံစိတ်ကို အကြောင်းပြု၍
ဖြစ်လာသော ကာမဂုဏ် ကို
ဝိပဿနာဉာဏ် ဖြင့် အနိစ္စ ဟု
မတားဆီးနိုင်သော နီဝရဏ တရား။

(၄) စားစိတ်ကို အကြောင်းပြု၍
ဖြစ်လာသော ကာမဂုဏ်ကို
ဝိပဿနာဉာဏ် ဖြင့် အနိစ္စ ဟု
မတားဆီးနိုင်သော နီဝရဏ တရား။

http://www.dhammadownload.com



(၅) ကာယကိုယ် အတွေ့အထိကို အကြောင်းပြု၍ ဖြစ်လာသော ကာမဂုဏ် ကို ဝိပဿနာဉာဏ် ဖြင့်အနိစ္စဟု မတားဆီးနိုင်သော နီဝရဏ တရား။

၂။ ဗျာပါဒနီဝရဏ– ငါးပါးအာရုံကာမဂုဏ်ပေါ်မှာ ကိလေသာစိတ်ကအလိုမပြည့်လို့ မကျေနပ်၊မနှစ်သက်၊စိတ်ပျက်တဲ့ ဗျာပါဒ နီဝရဏတရား။

၃။ ထိနမိဒ္ဓနီဝရဏ- ကိုယ့်စိတ်ဖြစ်တာကိုယ်မသိ၊ကိုယ့် စေတသိက် ဖြစ်တာလဲ ကိုယ်မသိ၊ ကိုယ့်စိတ်၏ လေးလံထိုင်းမှိုင်း ပျင်းရိသောစိတ်ကို ကိုယ်မသိ ဆိုတာသည် လောဘ၊ ဒေါသ၊ မောဟတို့ဖြစ်ပေါ်နေသော်လည်း အကုသိုလ် ပါလား‌ဟု ကိုယ်မသိ တာပါခင်ဗျား။ ကိုယ့် စေတသိက် ကို မသိဆိုတာကတော့၊ ကိုယ့်မှာ ဖြစ်ပေါ်နေသော ဝေဒနာ တရား၊ သညာတရားပြုပြင်၍ဖြစ်နေသော

http://www.dhammadownload.com



သစ္စာ၊ တရားများကို ဖြစ်ပေါ်
တာလည်း မသိ၊ ဒုက္ခသစ္စာဟု
လည်း မသိတာပါခင်ဗျား။

၄။ ဥဒ္ဒစ္စ ကုက္ကုစ္စနီဝရဏ–ပြုပြီးသားအကုသိုလ်ပြုမိ
လေခြင်း။သားကလေးရှင်မပြု
ရသေးဘဲနဲ့ သေသွားသည်ဟု
ကုသိုလ် မပြုမိလေခြင်း ဟု
ပူပင် သောက စိတ်။

၅။ ဝိစိကိစ္ဆာ နီဝရဏ– စိတ်နှစ်ခွဖြစ်၍မဆုံးဖြတ်နိုင်သော
စိတ်၊ ဥပမာ - ငါသည် ယခု
မနောက် နှင့်ပြုမိသောကိစ္စမှာ
အကုသိုလ်ဖြစ်သလားအကုသိုလ်
မဖြစ်ဘူးလားဟု မဝေခွဲနိုင်ဘဲ
ဒွိဟ စိတ်ဖြစ်နေတာပါ။

http://www.dhammadownload.com



## သမ္မာဓိမဂ္ဂင် (၃)ပါးခွဲပါသော သမ္မာသတိကို ထပ်ပြီး ရှင်းပြပါမယ်။ ဒုက္ခသစ္စာဟုမသိအောင် တားဆီးထားသော နီဝရဏတရား (၅)ပါး။

ယခုပြမှာက ဥပမာ၊ ဥပမေယျ ယုံတမ်း သာကေပါ။ တကယ့်အဖြစ်အပျက်တော့ မဟုတ်ပါ။ ဆုတောင်းပြည့် တရားပွဲမှာနားလည်ပေါ် လွင် အောင်လို့ ယောဂီဦးညွန့်ရီကို ဥပမာဆောင်၍ ပြရသောတရား တစ်ပုဒ်ပါ။

## နီဝရဏတရား ငါးပါး ပိတ်ဆည်းပုံ

ကျွန်တော်တို့ ဓမ္မမိတ်ဆွေ ယောဂီဦးညွန့်ရီသည် တနေ့တော့မန္တလေးတောင်မှတရားထိုင်ပြီး၍ဘုရားကြီးသို့တရားထိုင်ရန်အသွားမှာဟိုင်းလတ်ကားလေးတက်ပြီး စီးပါတယ်ဟိုင်းလတ်ကားကသေးတော့ဘယ်တစ်ဖက် ညာတစ်ဖက်မှာထိုင်ခုံတန်းများပါတယ်အလယ်ကခွေးခြေ ပုပုလေးဖွေပါတယ်ဦးညွန့်ရီကနေရာကောင်းကောင်း

http://www.dhammadownload.com



ခုံရှည်မှာရတယ်။ (၅) မှတ်တိုင်ရောက်တော့ အသားဖြူဖြူ ကိုယ်လုံးကိုယ်ပေါက်လှလှ အဝတ်ကလည်း အပျံစား ဝတ်ထားတာ။ လယ်ဟိုက်အင်္ကျီနဲ့ ခြယ်ထားတဲ့မွှန်သာတွေ ကလည်း သင့်ပျံ့နေတာပဲ၊ စူးစူးဝါးဝါး ကုလားရေမွှေးနံ့မျိုး မဟုတ်ဘူး။ အဲဒီအမျိုးသမီးလေးက ဦးညွှန့်ရီရဲ့ ရှေ့ ခုံပုပုလေးမှာ ထိုင်ရတာပေါ့။ ဦးညွှန့်ရီ ဒူးနဲ့ အမျိုးသမီးရဲ့ အသားနဲ့ကလည်း မထိချင်၍ မနေရ ထိနေတာပေါ့။ အင်္ကျီလယ်ဟိုက်ကလည်း ဦးညွှန့်ရီ မျက်စိအောက် တစ်ပေလောက်အကွာမှာ လှလှပပလယ်ဟိုက် အင်္ကျီနဲ့ မျက်စိပသာဒအောက်မှတစ်ဆင့် *မနောဝိညာဏ်* မှာ *ပီတိ သောမနဿ* နဲ့ *ကာမစ္ဆန္ဒ* ဖြစ်ပုံ၊ နားကလဲငှင်းအမျိုးသမီး ၏ ချိုသာနာပျော်ဘွယ် အသံက ဦးညွှန့်ရီ၏ *သောတ ပသာဒ* နှင့်တိုက်၍ ကြားစိတ်မှတစ်ဆင့်၊ ဦးညွှန့်ရီ၏ *မနောဝိညာဏ်* မှာ *ပီတိသောမနဿ*နဲ့ *ကာမစ္ဆန္ဒ* ဖြစ်ပုံ၊ *ဒုက္ခသစ္စာ*ဟု မသိအောင် ဖုံးတာက *နီဝရဏ* ပါ။ ဦးညွှန့်ရီ၏ နှာခေါင်း ပသာဒ အကြည်ရုပ်နှင့် အမျိုးသမီး၏ အမွှေး နံ့သာ မျိုးစုံနှင့် တိုက်၍နံသိစိတ်မှ တစ်ဆင့် ဦးညွှန့်ရီ၏ *မနောဘဝင်* အကြည်မှာ *ပီတိသောမနဿ*နဲ့ *ကာမစ္ဆန္ဒ* ဖြစ်ပုံ *ဒုက္ခသစ္စာ* ဟု မသိအောင်ဖုံးထားတာက *နီဝရဏ*တရားပါ။ ဦးညွှန့်ရီ၏ ခန္ဓာကိုယ်မှ ဒူးဟူသော

http://www.dhammadownload.com



ပသာဒအကြည်ရုပ်နှင့် အမျိုးသမီး၏ ကိုယ်ကာယတို့သည် မထိချင်လည်း ထိမှာပဲ။ *ကာယသံဖဿဝေဒနာ၊ ဝေဒနာ ပစ္စယာ* မနော မှာ *တဏှာ* ဖြစ်၍ *ကာမစ္ဆန္ဒ* ဖြစ်ပုံ၊ ဒုက္ခသစ္စာဟု မသိအောင် ဖုံးထားတာက နီဝရဏတရားပါ။

ဦးညွန့်ရီကြီး မိနစ်နှစ်ဆယ်လောက် အတွင်း *ကာမစ္ဆန္ဒ* နီဝရဏ ဖြစ်နေတာ ၄င်းအမျိုးသမီးငယ် ကားပေါ်မှ ဆင်းတော့ ကလေးသုံးယောက်နဲ့ မိန်းမဝဝကြီး၊ ချွေးတွေကလည်း ရွှဲလို့၊ ချွေးနဲ့ အကျီညစ်ပေတူးနဲ့ လုံးထွေးပြီး ပေါ်လာတဲ့ စူးရှရှအော်ကလီဆန်တဲ့အနံ့မျိုးနဲ့၊ ကလေး သုံးယောက်ကလည်း နှပ်ချေးတွဲလောင်း၊ ပေပွ နေသော ခန္ဓာကိုယ်အနံ့ဆိုးနဲ့ ဦးညွန့်ရီ၏ မနော မှာ မကျေနပ်သော *ဗျာပါဒ*တရား၊ ဒုက္ခသစ္စာဟုမသိသော နီဝရဏ တရား၊အဲဒါ *ဗျာပါဒ*နီဝရဏပါခင်ဗျား။ လှုလှုပပ အမျိုးသမီး ဆင်းသွားတဲ့ နေရာကို ပေတူးမိသားစုက နေရာယူတော့ ဦးညွန့်ရီခမျာ လွန်ခဲ့သော မိနစ်နှစ်ဆယ် လောက်က အပြုံးမျက်နှာသည် အနတ္တသဘောအတိုင်း ကွက္ခာရုံကနေပြီး အနိဋ္ဌာရုံ ဖြစ်တော့ တာပါပဲခင်ဗျား။ ဦးညွန့်ရီမှာ *စက္ခုသံဖဿ ဝေဒနာ ပစ္စယာ*ဒေါ်သော ဒုက္ခသစ္စာ ဟု မသိတာက *မောဟော၊ သောတသံဖဿ*

http://www.dhammadownload.com



*ဝေဒနာပစ္စယာဒေါသော၊ ဒုက္ခသစ္စာဟု မသိတာက မောဟော။*

*ယာနသံ ဖဿဝေဒနာ ပစ္စယာ ဒေါသော၊ ဒုက္ခ* သစ္စာ ဟုမသိတာက *မောဟော* ။ (ဗျာပါဒနီဝရဏ တင်ပြ ပြီး) ၍ ပေတူးသားအမိတစ်တွေ မှတ်တိုင် ရောက်တော့ ဆင်းသွားရော၊ သားသားနားနားအသက် နှစ်ဆယ့်တစ်နှစ်အရွယ် လူငယ်နှစ်ယောက် ကားပေါ် တက်ပြီး ဒီနေရာမှာပဲ ထိုင်တယ်။ ဦးညွန့်ရီအနေနဲ့ ယောကျ်ားချင်းကလည်း ဖြစ်တော့၊ *ကာမစ္ဆန္ဒ* လည်းမဖြစ်၊ *ဗျာပါဒ* လည်းမဖြစ်တော့ *ထိနမိဒ္ဓနီဝရဏ* ဖြစ်ကာ ခေါင်းကလည်း အိပ်ငိုက်ပြီး တဆတ်ဆတ်နဲ့ ကားပေါ် မှာ *ထိနမိဒ္ဓ* ဖြစ်ကာ *ဒုက္ခသစ္စာ* ဟု မသိအောင်ဖုံးထားတာက နီဝရဏ တရားပါခင်ဗျား။ ဘတ်(စ်)ကားလေး ဘုရားကြီးရောက်တော့ ဦးညွန့်ရီဆင်း၍ ဘုရားရှေ့မှာ နေရာယူပြီး တရားထိုင်ပါပြီ။ ဘာတရားတွေပေါ်သလဲဆိုတော့ ဦးညွန့်ရီကတွေးတယ်။ မိုးကုတ် ဆရာတော်ကြီးက *သတိပဋ္ဌာန်* လက်မလွှတ်စေနဲ့လို့ ခဏ ခဏ ဆုံးမတယ်။ ငါသည် ဆိုဆုံးမ မလွယ်သောသူပါလား။ မေတ္တာသုတ်ပါဠိ ထဲက နံပါတ်(၃၃)၊ *သုဝစောစ* ဆိုဆုံးမ လွယ်သူဖြစ်အောင် ကြိုးစားရမည်။ သတိပဋ္ဌာန် လက်လွှတ်တော့၊ ချောချော

http://www.dhammadownload.com



တွေ့တော့ ၁။ *ကာမစ္ဆန္ဒ* နီဝရဏ ဖြစ်တယ်။ ပေတူးမိသားစုနဲ့တွေ့တော့ ၂။ *ဗျာပါဒ* နီဝရဏ ဖြစ်တယ်။ လူငယ်နှစ်ယောက် တွေ့တော့ ၃။ *ထိနမိဒ္ဓ* နီဝရဏ ဖြစ်တယ်။ ၄။ *ဥဒ္ဓစ္စကုက္ကုစ္စ* နီဝရဏ ဖြစ် တော့ စိတ်မငြိမ်ဘဲ အထက်ပါကိစ္စများ ပြုမိလေခြင်း၊ *သတိပဋ္ဌာန်* ကိုတော့ မပြုမိလေခြင်းဟု ပူပင်သောက စိတ်တွေ ဖြစ်လာတယ်။ ပြုပြီးသား *ကိလေသာ*စိတ်ကို ဖြစ်ရလေခြင်း၊ မပြုရသေးတဲ့ *သတိပဋ္ဌာန်ဘာဝနာ* ကိုတော့ မပွားမိလေခြင်းဟု ပူပင်တာကို *ဥဒ္ဓစ္စကုက္ကုစ္စ* ခေါ်ပါတယ်။ ၅။ *ဝိစိကိစ္ဆာ* နီဝရဏ ဖြစ်လာတယ်။ ဦးညွန့်ရိုက စဉ်းစားတယ်။ ဒီကိစ္စဖြစ်တာ အကုသိုလ်လား၊ ကုသိုလ် မဟုတ်ဘူး ဆိုတာကိုတော့ သူသိပြီးသားဖြစ်တယ်။ *ကာယကံ / ဝစီကံ* ကတော့ လုံနေပါတယ်။ *အကုသိုလ်* မဟုတ်ဘူးလို့ တွေးလိုက်။ ဖြစ်မှ ဖြစ်ရလေခြင်းကွာဟုတွေးပြီး ဒီကားနဲ့မှ ကြုံရတတ် ပလေဟု စဉ်းစားလိုက်နဲ့ ဘုရားကြီးမှသာ ပြန်လာတယ်၊ တရားစိတ်နှလုံးမသွင်းရဘဲနဲ့ *မနော* မှာ ဗွက်ပေါက်ပြီး ထပြန်လာရပါတော့တယ်။ *ကာမ* (၁၁) ဘုံမှာ *ကိလေသာ* မကုန်သေးသရွေ့တော့ *သတိပဋ္ဌာန်* လက်ကိုင်မထားဘဲ *သတိပဋ္ဌာန်* လက်လွတ်ရင်တော့ *နီဝရဏငါးပါး* နဲ့ဘဲ အချိန်ကုန်လူပန်း၊ ဒိဋ္ဌိ *မပြုတ်ရင်* အပါယ်သွားကြမှာပါဘဲခင်ဗျား။

http://www.dhammadownload.com



သမာဓိမဂ္ဂင် (၃) ပါးမှာပါသော သမ္မာသမာဓိကို ရှင်းပြပါ မယ်။

၁။ *ဝိပဿနာဘာဝနာတရား၊ သီလတရား၊ ဒါနတရား* တို့ကို *အာရုံ၌* တည်မြဲနေအောင်ထားနိုင်ခြင်းတို့ ဖြစ်ပါတယ်။

မေတ္တာသုတ်မှာပါသော နံပါတ်(၂၆) *ယံကရဏီယံ* အကြောင်းပြုကျင့်ရမည့် သိက္ခာသုံးရပ်၊ အကျင့်မြတ်ပြီးဆုံးပါပြီ ခင်ဗျား။

ယခုတင်ပြရမှာက မေတ္တာသုတ်ထဲက နံပါတ် (၂၁) သန္တံ = ငြိမ်သက်သော၊ နံပါတ် (၂၂) ပဒံ = နိဗ္ဗာန်ကိုရောက် လိုသောသူသည် အင်္ဂါလေးပါးနှင့် ပြည့်စုံရမည်။

စတုကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော် သောတာပန်ဖြစ်ရန်အင်္ဂါ(၄)ပါး

*စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊*
*ကတမာနိစတ္တာရိသပ္ပုရိသသံသေဝေါ၊သဒ္ဓမ္မဿဝနံ၊*
*ယောနိသော မနသိကာရော၊ဓမ္မာနု ဓမ္မပဋိပတ္တိ။*

http://www.dhammadownload.com



၁ ။သမ္ဗုဒ္ဓေ သံသေ၀ - သောတာပတ္တိ အင်္ဂါ
၂ ။သဒ္ဓမ္မသ၀နံ - သောတာပတ္တိ အင်္ဂါ
၃ ။ယောနိသောမနသိကာရ - သောတာပတ္တိ အင်္ဂါ
၄ ။ဓမ္မာနုဓမ္မပဋိပတ္တိယာ - သောတာပတ္တိ အင်္ဂါ

## မြန်မာပြန်အတို

၁။ ဆရာကောင်းရှာ
၂။ သစ္စာတရားနာ
၃။ နှလုံးသွင်းမှန်ပါ
၄။ တရားအားထုတ်ပါ

ဆရာကောင်းတွေ့၍ တရားနာဆိုတာ၊ဘုရားဟော သောခန္ဓာ၊ အာယတန၊ ဓါတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် တရားကို ရေရေလည်လည် သဘောပေါက်အောင် နာကြားမှ ဉာတပရိညာ မှာအသိရှင်းမည်။ အသိရှင်းမှ ဒိဋ္ဌိ ပြုတ်မည်။ အဲဒါမှ ယောနိသောမနသိကာရ ဆိုတော့ (နှလုံးသွင်းမှန်ပြီး) အထက်ပါသုံးရပ်ပြည့်စုံမှ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဆိုသော တရားအားထုတ်ပါ။ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယ (တနည်း) ဆရာတော်ကြီး ၏ ညွှန်ကြားချက်များမှာ -

http://www.dhammadownload.com



၁။ မေး နိဗ္ဗာန်လိုချင်လျှင် ဘာလုပ်ရမည်နည်း?

ဖြေ *ဝိပဿနာတရား အားထုတ်ရပါမည်။*

၂။ မေး ဝိပဿနာတရား အားထုတ်မည်ကြံလျှင် သူ့ရှေ့ကဘာကိုအသိနဲ့ဖြုတ်ထားရမည်နည်း?

ဖြေ *ဒိဋ္ဌိနဲ့ဝိစိကိစ္ဆာတို့ကို အသိနှင့်ဖြုတ်ထားရပါမည်။*

၃။ မေး ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာဖြုတ်မယ်ကြံလျှင် ဘာနားလည် ထားရပါမည်နည်း?

ဖြေ *ခန္ဓာ့ပဋိစ္စသမုပ္ပါဒ်ကို နားလည်ထားရပါမည်။*

၄။ မေး ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကို ပထမဦးစွာ ဘာကြောင့် ဖြုတ်ရပါသနည်း?

ဖြေ *မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပိတ်ပင်တားဆီးတတ်သောကြောင့်ဖြစ်ပါသည်။*

၅။ မေး ဒီဟာတွေကို ဘာမှမသိဘဲနဲ့ ဒိဋ္ဌိကို ပယ်နိုင်ဖို့ မခဲယဉ်းဘူးလား?

ဖြေ *အလွန်တရာခဲယဉ်းပါသည်။ သို့ပါ၍ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဤတရားတွေကို သိအောင် သင်ပေးတတ်သောဆရာကောင်းတွေကို တွေ့အောင် ရှာပါဟု အခွင့်အခါသင့်တိုင်း မှာကြားခဲ့ပါတယ်။*

http://www.dhammadownload.com



အထက်ပါအမေး အဖြေကို အကျယ်သိချင်ရင် ကျွန်တော်ပြုစုသော ဉာတပရိညာ (ပထမတွဲ) စာမျက်နှာ (၃၃) မှ (၄၀) အထိ ကြည့်ပါ။

| | | |
|---|---|---|
| ၂၁။ | သန္တံ | ငြိမ်သက်သော |
| ၂၂။ | ပဒံ | နိဗ္ဗာန်ကို |
| ၂၃။ | အဘိသမေစ္စ | ထွင်းဖောက်သိမြင်၍ |
| ၂၄။ | ဝိဟရိတုကာမေန | နေခြင်းငှာအလိုရှိသော |
| ၂၅။ | အတ္ထကုသလေန | နိဗ္ဗာန်အကျိုးလိုလားသောသူ |
| ၂၆။ | ယံကရဏီယံ | ပြုကျင့်ရမည့်သိက္ခာသုံးရပ် အကျင့် မြတ်သည် |
| ၂၇။ | အတ္ထိ | ရှိ၏ |
| ၂၈။ | တံ | ထိုသိက္ခာသုံးရပ်အကျင့်မြတ် ကို |
| ၂၉။ | ကရဏီယံ | ပြုကျင့်ထိုက်ပေ၏။ |

အထက်ပါစာကြောင်းရေကိုးကြောင်းတွင်ပါသော စာ၏အဓိပ္ပါယ်မှာ နိဗ္ဗာန် ရလိုချင်လျှင်သိက္ခာသုံးရပ် အကျင့် မြတ်ကို အခြေခံထားပါဟုဆိုလိုပါတယ်။

http://www.dhammadownload.com



## သိက္ခာသုံးရပ်မှာ

၁။ အဓိသီလသိက္ခာ သီလသိက္ခာပုဒ်ကိုစောင့်ထိန်းခြင်း။
၂။ အဓိစိတ္တသိက္ခာ သမာဓိရအောင်အားထုတ်ခြင်း။
၃။ အဓိပညာသိက္ခာ ဝိပဿနာပွားများခြင်း။

အဓိသီလ သိက္ခာနှင့် ပတ်သက်၍ အကျယ်သိလိုသော် ဤစာအုပ်စာမျက်နှာ(၂၆) စာကြောင်းရေ (၁၁) မှ စာမျက်နှာ (၃၀) စာကြောင်းရေ (၁၄) ထိရှုပါ။

## အဓိစိတ္တသိက္ခာရှင်းပြပါတယ်။

ပါဠိတော်က သမာဓိသုတ်မှာ *သမာဓိံ ဘိက္ခဝေ ဘာဝေထ ယထာဘူတံ ပဇာနာတိ။* သမာဓိတည်ဖို့ရန် စိတ်သည် အရေးကြီးဆုံးပါ။ တရားအားထုတ်သော ယောဂီ၏ စိတ်အာရုံက

၁။ သမ္မာဝါယာမ
၂။ သမ္မာသတိ
၃။ သမ္မာသမာဓိ

တရားထိုင်သော ယောဂီသည် ပစ္စုပ္ပန် မှာ အာရုံ+ဓါရ တိုက်ဆဲအချိန်တွင် (သမာဓိမဂ္ဂင်) သုံးပါး သည် ပစ္စုပ္ပန်အာရုံ ပေါ်မှာ သမ္မာဝါယာမ ဝီရိယ ကစိုက်ထူလို့ သမာဓိ ကလည်း ဟိုမပြေး၊ ဒီမပြေးငြိမ်သက်နေလို့ဆိုတော့

http://www.dhammadownload.com


သမ္မာသတိ ကလည်း တပါတည်းပါပြီးသားပေါ့။ ပေါ်တဲ့ တရားပေါ်မှာ စူးစူးစိုက်စိုက်ကလေးနဲ့ တည်နေတာက တော့ သမ္မာသမာဓိ ပေါ့ခင်ဗျား။

သမာဓိမဂ္ဂင် သုံးပါးကို ရေရေလည်လည်သိချင်ရင် တော့ ကျွန်တော်ရေးသားသော ဉာတပရိညာ ဒုတိယတွဲ စာအုပ် စာမျက်နှာ (၆၂) စာကြောင်းရေ (၃) မှ စာမျက်နှာ (၆၅) စာကြောင်းရေ (၄) ထိရှုပါ။ လူသုံးယောက်နှင့်ပြ ထားပုံကို သေသေချာချာကြည့်ပါ။ သမာဓိမဂ္ဂင်သုံးပါး ပေါ်ပုံ မိုးကုတ်ဆရာတော်ဘုရားကြီး ကိုယ်တိုင်ဟောသော ဝိသာခ နှင့် ဓမ္မဒိန္နာစာအုပ်၊ စာမျက်နှာ (၁၅၇) စာကြောင်းရေ (၄) မှ စာမျက်နှာ (၁၆၂) ထိရှုပါ။

## မဂ္ဂင်ငါးပါးရှုဉာဏ်တရား
## ဝိပဿနာပညာကတော့

သမာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ ၄င်းနှစ်ပါးကို ပညာမဂ္ဂင် လို့ခေါ်ပါတယ်။အပျက်ကိုမြင်တာကတော့ ပညာမဂ္ဂင်လို့ခေါ်ပါတယ်။အဲဒါကြောင့် ဝိပဿနာ တရားအားထုတ်တဲ့ ယောဂီမှာ *မဂ္ဂင်ငါးပါး ရှုဉာဏ်တရား* ဟုခေါ်သော-

http://www.dhammadownload.com



| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | } | ပညာမဂ္ဂင်(၂)ပါး |
| သမ္မာသင်္ကပ္ပ | | |
| သမ္မာဝါယာမ | } | သမာဓိမဂ္ဂင်(၃)ပါး |
| သမ္မာသတိ | | |
| သမ္မာသမာဓိ | | |

ပေါ်ဆဲခန္ဓာ ၏ ဖြစ်ပျက်ကို မြင်မှု ဝိပဿနာဉာဏ် ဖြစ်ပါတယ်။ ပေါ်ဆဲခန္ဓာ ကိုမြင်ဖို့ကတော့ သမာဓိမဂ္ဂင် သုံးပါးဖြစ်ပါတယ်။ ခန္ဓာ အပျက်သိဖို့ကတော့ ပညာမဂ္ဂင် နှစ်ပါး ဖြစ်ပါတယ်ခင်ဗျား။

ဤနေရာတွင် သိက္ခာသုံးရပ် မှာပါသော သမာဓိ မဂ္ဂင်သုံးပါးနှင့်မဂ္ဂင်ရှစ်ပါးမှာပါသော သမာဓိမဂ္ဂင်သုံးပါး တို့မှာ အစိပ္ပါယ်ဉာဏ် သက်ရောက်မှု သမာဓိ ကိစ္စချင်း အားလုံးတူ ပါတယ်။ မဂ္ဂင်ငါးပါးရှုဉာဏ် တရားမှာပါသော သမ္မာဓိမဂ္ဂင် သုံးပါးချင်းကတော့ စာမှာတူပါတယ်။ လုပ်ငန်းခွင်မှာမတူပါဘူး။ယောဂီများဉာဏ်ရှင်းအောင် ပုံစံဖြင့် ပြပါမယ်ခင်ဗျား။

http://www.dhammadownload.com



## ရှုဉာဏ်မှာပါသော သမာဓိမဂ္ဂင် နှင့် သိက္ခာသုံးရပ် နှင့် မဂ္ဂင်ရှစ်ပါးမှာပါသော သမာဓိမဂ္ဂင်တို့ကို နှိုင်းယှဉ်ချက်

| | |
|---|---|
| ဝိပဿနာဉာဏ်မှာပါသော သမ္မာဓိမဂ္ဂင်သုံးပါးက အရှုခံ ခန္ဓာရဲ့အပျက်ကို မြင်အောင်သမာဓိမဂ္ဂင်သုံးပါး ပေါင်း၍ နေပါတယ်။<br><br>ဝိပဿနာဉာဏ် မှာလုပ်ဆောင်သော သမာဓိမဂ္ဂင်သုံးပါး ကိုသေသေချာချာ သိချင်ရင်ကျွန်တော်ပြုစုသောဉာတပရိညာဒုတိယတွဲ စာမျက်နှာ(၆၂)စာကြောင်းရေ(၃) မှ စာမျက်နှာ(၆၅) စာကြောင်းရေ(၄) ထိရှုပါ။ လူသုံးယောက်ပုံကို သဘောပေါက်အောင် ကြည့်ပါ။ | သိက္ခာသုံးရပ် မှာပါသော သမာဓိ မဂ္ဂင်သုံးပါး နှင့် မဂ္ဂင်ရှစ်ပါး မှာ ပါသော သမာဓိမဂ္ဂင်သုံးပါး ကို ရေရေလည်လည်သိလိုလျှင် ဤစာအုပ်စာမျက်နှာ(၁၉) စာကြောင်းရေ (၉) မှ - စာမျက်နှာ(၂၁)စာကြောင်းရေ (၁၇) ထိ ရှုပါခင်ဗျား။ |

http://www.dhammadownload.com



၂၆။ ယံကာရဏီယံ ပြုသင့်သောအမှု၊
ပြုရာသောမင်္ဂလာစူပေါ်လွင်အောင်ညွှန်ပြပါမယ်ခင်ဗျား။
သိက္ခာသုံးရပ်အကျင့်မြတ်ကိုတော့ဖော်ပြပြီးပါပြီခင်ဗျား။

## ကရဏီယံ

(၁)။ ပြုရာသောမင်္ဂလာကိစ္စ ရှင်းပါမည်။
စတုက္ကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်
ဤစာအုပ်စာမျက်နှာ(၃၆)၊စာကြောင်းရေ(၁၀)မှာ
ရှုပါ။

(၂)။ ပြုရမည့် မင်္ဂလာကိစ္စမှာလိုအပ်ချက်များကိုမိုးကုတ်
ဆရာတော် ညွှန်ကြားချက်များမှာ ဤစာအုပ်
စာမျက်နှာ(၄၁)မှစာမျက်နှာ(၄၂)စာကြောင်းရေ
(၁၆)ထိရှုပါ။

(၃)။ မဂ္ဂင်ငါးပါး ရှုဉာဏ်တရား
ဝိပဿနာ ပညာကတော့ ဤစာအုပ်စာမျက်နှာ
(၄၅) စာကြောင်းရေ (၈)မှ စာမျက်နှာ (၄၆)
စာကြောင်းရေ (၁၈) ထိရှုပါ။

၂၉။ ကရဏီယံ အထိ အကျယ်ပြီးဆုံးပါပြီ။

http://www.dhammadownload.com



၃၀။ သက္ကောစ စွမ်းနိုင်သူသည်၄င်း၊

ဘာစွမ်းရမှာ လဲလို့ မေးပါ။ နိဗ္ဗာန်ကို ဝိပဿနာဉာဏ် ဖြင့်မြင်အောင် စွမ်းရမှာပေါ့။

ယံကရဏီယံပြုကျင့်ရမည့်သိက္ခာသုံးရပ်တွေကို သက္ကောစ ဆိုသောနံပါတ်(၃၀)ထဲကလိုစွမ်းဆောင်နိုင်ရမှာပေါ့။

၃၁။ ဥဇူစ ဖြောင့်မတ်သူသည်၄င်း၊

ဖြောင့်ဖြောင့် မတ်မတ် မကွေ့ မကောက်၊ ဝိပဿနာတရားပေါ်မှာ အာရုံထားပါ။ ဘိုးတော်တွေ၊ ဘွားတော်တွေကိုလည်း ကိုးကွယ်ရဦးမှာ၊ အိမ်တွင်းနတ်အုန်းကလည်းရှိသေး၊ အဲဒါတွေကိုးကွယ်ရမှာ မဟုတ်ဘူး။ မေတ္တာမို့ အမျှဝေ သူတို့လည်း ခန္ဓာဝဋ်မှ ကျွတ်ကြပါစေလို့ ဆုတောင်းပေးပါ။

ချမ်းသာတာနဲ့ ဆင်းရဲတာ သူတို့မတတ်နိုင်ဘူး။ ဘုရားဟောတာကိုသာယုံပါ။ ကမ္မဿကတသမ္မာဒိဋ္ဌိ ဆိုတာ ကုသိုလ်၊အကုသိုလ်ကံ ကိုယုံကြည်တာမှသာ မှန်ပါတယ်။ကောင်းတာလုပ်ရင်ကောင်းကျိုးပေးတယ်။

http://www.dhammadownload.com


မကောင်းတာလုပ်ရင် မကောင်းကျိုးပေးတယ်လို့ ယုံကြည်တာဟာ ဘုရား အကြိုက် သမ္မာဒိဋ္ဌိအယူပါ။

ဗုဒ္ဓဟောသောနိဗ္ဗာန်ရောက်ကြောင်းတရားဆိုတာ မဖြောင့်မမတ်ဘဲ နိဗ္ဗာန် မရောက်နိုင်ပါ။

၃၂။ သုဟုဇူစ အလွန်ဖြောင့်မတ်သူသည်၄င်း၊

နိဗ္ဗာန် ရောက်ကြောင်းကို ဟောထားသော မေတ္တာသုတ် ပါဠိတော် ပါခင်ဗျား ။ နိဗ္ဗာန် ဆိုတာ ရွတ်ဖတ် သရဇ္ဈာယ် လို့ မရောက်နိုင်ပါ။ ဒိဋ္ဌိ မပြုတ်ဘဲနဲ့လည်း မရောက်နိုင်ပါ။ ပြုဖွယ်ကိစ္စ အစုံစုံကို ဆရာကောင်း ညွှန်ကြားမှ ရတဲ့ နိဗ္ဗာန် ဆိုတော့ အလွန်ဖြောင့်မတ်ဖို့လိုပါတယ်။အရင်ကတရားစခန်း ဝင်တာသကြံန်ကျမှဝင်တယ်ယခုတော့ဥပုသ်နေ့တိုင်း တရားနာ၊ တရားထိုင် သွားတယ်အလွန်ဖြောင့်မတ်ပုံ ပေါ့ခင်ဗျား။မိုးကုတ်ဆရာတော်ကြီး ဟောထားသော တရားတစ်ပုဒ်ကိုနာကြည့်ပါဟုအကြံပေးချင်ပါတယ်။ ၂၈. ၁၀. ၆၁ နေ့က ဟောသော ဆရာတော်ကြီး၏ တရားအမည်ကသတ္တာဒေဝမနုဿာနံ၊ထိနမိဒ္ဓဖျောက် နည်းနှင့် တဏှာ အမြန်သတ်နည်း တရားပါခင်ဗျား။

http://www.dhammadownload.com



၃၃။ သုဝစောစ ဆိုဆုံးမလွယ်သူသည်၄င်း၊

ကျွန်တော်တို့မှာကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး ကဟောကြားဆိုဆုံးမပါတယ်မှတ်သားနာယူပြီးဒိဋ္ဌိအသိ ပြုတ်၊အပွားပြုတ်၊နားကတရားနာဉာဏ်ကစဉ်္စာလှည့်ဟု ဆုံးမတာမျိုးတရားမှတ်ဖို့၊တရားထိုင်ဖို့နှင့်သတိသမ္ပဇဉ် ဉာဏ်နှင့်ယှဉ် ၍ဝိပဿနာဉာဏ် တိုးပွားဖို့ဆိုတာကို လိုက်နာရင် သုဝစောစဂုဏ် နှင့်ပြည့်စုံမှာပါခင်ဗျား။

၃၄။ မုဒုစ နူးညံ့ပျော့ပျောင်းသူသည်၄င်း၊

ဝိပဿနာရင့်ကျက်လာရင်နူးညံ့ပျော့ပျောင်းဖို့ဆို တာ မဆန်းပါဘူး။ ကာယ၊စိတ်၊ မနောတို့သိမ်မွေ့နူးညံ့ ပျော့ပျောင်းလာပါတယ်။သူတော်ကောင်းရတနာကိန်းလာ ရင်ပြည့်စုံတဲ့အချက်ကတော့

၁။ သဒ္ဓါ ၂။ သီလ ၃။ သုတ
၄။ စာဂ ၅။ ပညာ ၆။ ဟိရီ ၇။ ဩတ္တပ္ပ

ဆိုသော ရတနာနှင့်ပြည့်စုံတာ သူမြတ်လောင်း (တနည်း) အရိယာလောင်းပေါ့ခင်ဗျား။ သူယုတ်မာကတော့ အကုန်ကြမ်းတမ်းခက်မာတာပါပဲခင်ဗျား။

http://www.dhammadownload.com



၃၅။ အနတိမာနီစ မာန်ထောင်လွှားခြင်းမရှိသူသည်၄င်း၊
၃၆။ အသဿ ဖြစ်ရာ၏၊

မာန်ထောင်လွှားတယ်ဆိုတာလောကီပုထုဇဉ်မှာ ရှိတတ်သောစရိုက်တရားပါ။မာန်ထောင်လွှားတယ်ဆိုတာ လူကြမ်း၊ စိတ်ကြမ်း၊ ဝစီကြမ်းခြင်းမရှိသည် အသဿ ဖြစ်ရာ၏။

မာန်ထောင်လွှားရင် *တရားမကိန်းသေးဘူး* ။ *မာန် ကျမှ တရားကိန်းတယ်*။

၃၇။ သဏှသဏ္ဍဿကောစ *တင်းတိမ်ရောင့်ရဲလွယ်သူသည်၄င်း၊*

ကျွန်တော်တို့လိုကိလေသာမကုန်သေးသူများသည် *အာရုံငါးပါးမှလာသောကာမဂုဏ်* တရားကိုငမ်းငမ်းတက် မလိုက်စားဘဲနဲ့၊နိဗ္ဗာန်ရောက်ကြောင်းတရားကြောင့်သာ လျှင် တင်းတိမ်ရောင့်ရဲလွယ်ရပါမယ်။

၃၈။ သုဘရောစ *အမွေးအမြူလွယ်သူသည်၄င်း၊*

ကိုယ်မွေးထားသောသားသမီး၊သားမယားအပေါ် မှာလောကီလောကုတ်တို့ကိုပုံစံသွင်းမွေးမြူတာမျိုးမလွယ် ပါဘူး။ ဓိပဿနာတရားကိုနာပါ။ တရားအားထုတ်ပါ။ ရတဲ့ငွေနဲ့မျှတအောင်သုံးပါ။ အနေအထိုင်ဆင်ခြင်ပါ။

http://www.dhammadownload.com



ဟော့ဟော့ရမ်းရမ်းမပြောနဲ့၊မလုပ်နဲ့ဆိုသောလောကီကိစ္စနှင့်၄င်း၊လောကုတ္တရာကိစ္စမှာတရားနာဖို့၊တရားထိုင်ဖို့၊သုဘရောစ အမွေးအမြူမလွယ်ကူပါ။

ကိုယ့်ခန္ဓာကိုယ်ကိုအမွေးအမြူလွယ်ဖို့၊တရားနာဖို့၊တရားအားထုတ်ဖို့၊ဆရာကပြောဆိုဆုံးမတဲ့စကားနာယူဖို့ဆိုသော သုဘရောစ အမွေးအမြူလွယ်အောင်ကြိုးစားကာမှ မေတ္တာသုတ် ထဲက နိဗ္ဗာန် နဲ့နီးမှာပါခင်ဗျား။

၃၉။ အပ္ပကိစ္စောစ *နည်းပါးသောကိစ္စရှိသူသည်၄င်း၊*

ကိစ္စများမြောင်လူတို့ဘောင်မှာ ကိစ္စဟူသမျှမင်္ဂလာဆုံလ်တာဆယ်မိုးကုတ်ဆရာတော်ဘုရားကြီးကိုယ်တိုင်ဟောထားတာပဲ။ အထူးရေးစရာမလိုပါဘူးခင်ဗျား။

၄၀။ သလ္လဟုကဝုတ္တိစ *ပေါ့ပါးသောအဖြစ်ရှိသူသည်၄င်း၊*

ပေါ့ပါးသွက်လက်ဆိုတာဝတာပိန်တာနဲ့မဆိုင်ပါဘူး။တရားနဲ့ပတ်သက်လာရင်စိတ်ဓါတ်ကပျင်းပြတော့သစ္စာတရားနာဖို့သွားကြစို့၊တရားထိုင်သွားကြစို့၊ ကိုယ့်တရားပေးတဲ့ဆရာတော်ထံသွားကြစို့၊ဒီတရားလေးမရှင်းလို့မေးမြန်းဖို့ဆိုတာတို့သည်တရားနှင့်ပတ်သက်၍ပေါ့ပါးသောအဖြစ်ရှိပါတယ်ကိုယ့်ကိုသွန်သင်ပြသတဲ့ဆရာကို

http://www.dhammadownload.com



လည်း တရားဆွေးနွေးမယ်။ မေးမြန်းမယ် ဆိုရင် သလ္လာပကဝတ္ထုံစ ဖြစ်တာပေါ့ခင်ဗျား။

၄၁။ သန္တိန္ဒြိယောစ ငြိမ်သက်သောဣန္ဒြေရှိသူသည်၄င်း၊

တရားအားထုတ်တဲ့အချိန် (တနည်း) တရားဘာဝနာပွားတဲ့အချိန်မှာဣန္ဒြေခြောက်ပါးစောင့်စည်းရတယ်။တရားအားထုတ်တယ်ဆိုတာမနိန္ဒြေ ကြီးစိုးနေတာ။ မနောကနေ၍ ဝိပဿနာဉာဏ် ဖြစ်နေတာပါ။ မနိန္ဒြေ မကြီးစိုးရင်ပဉ္စဒွါရ မှာရှိသောမျက်စိ၊နား၊နှာ၊လျှာ၊ကိုယ် တို့ကိုလှုပ်ရှားစေရန်မနောကခိုင်းနေတာပါ။အဲဒါကြောင့် မနောပုဗ္ဗင်္ဂမာဓမ္မာ လို့ဟောတာပါရှင်းရှင်းပြောရရင် မနောကရှေ့ကပြေး၊မနောကိုဖမ်းရင်အားလုံးငြိမ်တယ်။

၄၂။ နိပကောစ ရင့်ကျက်သော ပညာရှိသူသည်၄င်း၊

ကျင့်ဆဲပုဂ္ဂိုလ်တွေမှာတော့မဂ်ပညာ၊ဖိုလ်ပညာ တဲ့သို့ရင့်ကျက်သောပညာတော့မဖြစ်သေးပါဘူး။ကျင့်ဆဲ ပုဂ္ဂိုလ်တွေမှာဆိုဆုံးမလွယ်သူနှင့်ဆရာတော်ပုံသွင်းသလို လိုက်နာသူများမှာ ဝိပဿနာပညာ ရင့်လာရင် ဝိပဿနုပက္ကိလေသာ၊ သင်္ခါရုပေက္ခာဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ် ဖြစ်တော့မှာပါခင်ဗျား။

http://www.dhammadownload.com



၄၃။ အပ္ပဂဗ္ဘောစ *ကြမ်းတမ်းရိုင်းပျခြင်းမရှိသူသည်၄င်း၊*

တရားသမားကတော့ကြမ်းတမ်းရိုင်းပျခြင်းမရှိပါဘူး။ ကြမ်းတမ်းရိုင်းပျသူကိုတွေ့ကြုံရ၍ တစ်ဘက်က အပြောကြမ်း၊အဆိုကြမ်း၊အဆဲကြမ်းနှင့်တွေ့စေကာမူ နံပါတ် (၃၄) ကကဲ့သို့ မုဒုစ – ဆိုသော တရား၊ ဒီစာအုပ်မှာပါပြီးသားပါ။ စာမျက်နှာ(၃၄) မှာပါသော မုဒုစ ကို အကျယ်ကြည့်ပါ။

၄၄။ ကုလေသု *အိမ်သားအိမ်သူတို့၌၊*
၄၅။ အနနုဂိဒ္ဓေါစ *တပ်မက်တွယ်တာခြင်းမရှိသူ သည်၄င်း၊*
၄၆။ အဿ *ဖြစ်ရာ၏၊*

ဤတရားပုဒ်ရေ၄၄။၄၅။၄၆ကိုတစ်ပေါင်းတည်းရှင်းပြပါတယ်။

အိမ်သူအိမ်သားတို့ကို တပ်မက်တွယ်တာခြင်းမရှိသူဖြစ်ရာ၏။အဓိပ္ပါယ်ကတော့ *အိမ်သူအိမ်သားတို့ကို မတွယ်တာဘူးဆိုတာ ဘုရားနှင့်ရဟန္တာပါခင်ဗျား။* ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရားကြီးဟောသော တရားတစ်ပုဒ်မှာပုဏ္ဏားတစ်ယောက်ကဘုရားကိုမေးတယ်။ လူများဟာလူ့သံယောဇဉ် မစွန့်ဘဲနဲ့ နိဗ္ဗာန် ရောက်နိုင်ပါ့

http://www.dhammadownload.com



မလားလို့မေးတယ်ဘုရားကမရောက်ဘူးဟော့လို့ဖြေတယ်။ လူ့သံယောဇဉ် မစွန့်ဘဲနဲ့တော့ နတ်ပြည်သုဂတိတော့ ရောက်တယ်။ ဘုရားကတဖန်ထပ်ဖြေတယ်။ တရား *အားထုတ်တဲ့အချိန်၊ သတိပဋ္ဌာန်တရား နှလုံးသွင်းတဲ့ အချိန်မှာ လူ့သံယောဇဉ် စွန့်တဲ့အချိန်ဖြစ်လို့ နိဗ္ဗာန် ရောက်နိုင်တယ်။* ဒီတရားကို အထူးရှင်းဘို့မလိုပါဘူး။အဖြေရှင်းပါတယ်နော် ခင်ဗျား။

၈၀။ ပရော *တစ်ပါးသူတစ်ယောက်သည်၊*

၈၁။ ပရံ *သူတစ်ပါးဟုအခြားသူတစ်ယောက်ကို၊*

၈၂။ နနိကုဗ္ဗေထ *စဉ်းလဲသမှုလှည့်ပတ်ခြင်း မပြုပါစေလင့်၊*

ဤစာပုဒ်တွင် နံပါတ် ၈၀။ ၈၁။ ၈၂ တို့ကို တစ်ပေါင်းတည်း ရှင်းပြမှာ ဖြစ်ပါတယ်။

လူတစ်ဦးက လူတစ်ဦးကို စဉ်းလဲသမှု လှည့်ပတ်ခြင်းမပြုနဲ့။ မေတ္တာသုတ် ထဲကလို တရားနဲ့ညီရင် ရုံး၊ ရဲစခန်း၊ အချုပ်၊ တရားသူကြီးစသည်တို့မရှိဖြစ်မှာပါ။ သူများဖြစ်သည်ဖြစ်စေ၊သူများမဖြစ်သည်ဖြစ်စေ၊ဤစာအုပ်ဖတ်ရသောယောဂီသည်ကျွန်တော်ကစ၍ နံပါတ် ၈၀ ။၈၁ ။ ၈၂ မျိုးမဖြစ်ရပါဟု ဆရာတော်ကြီးထံကတိပေးရင် မကောင်းဘူးလား?

http://www.dhammadownload.com



နနိကုဗ္ဗေထ = ပါဠိတော် မှာ လူနှင့်လူချင်းစဉ်းလဲသမှု လှည့်ပတ်ခြင်းဆိုတာ၊ နိမ္မာန် နှင့်ဖိလာဆန့်ကန့်လန့် အကျင့် ဆိုးသူသာလုပ်၍၊မေတ္တာသုတ် တရားကိုနှစ်သက်ကြည်ညိုသော ယောဂီများလုပ်လိမ့်မည်မဟုတ်ပါခင်ဗျား။

၈၃။ ကတ္ထစိ တစ်စုံတစ်ခုသောအရပ်၌။
၈၄။ ကိဉ္စိ တစ်စုံတစ်ယောက်သော၊
၈၅။ နံ ထိုသူတစ်ပါးကို၊
၈၆။ နာတိမညေထ မာန်ထောင်လွှားမှု၊မထေမဲ့မြင် မပြုပါစေနှင့်၊

ဥပမာ မတ္တရာမြို့ကလေးသို့ မန္တလေးမှ လူကုံထံတစ်ယောက်ကားနဲ့သွားတယ်ဆိုပါစို့၊ လှည်းလမ်းပေါ်တွင် မောင်းရသော လမ်းတစ်ခုတွင် လှည်းကရှေ့မှပိတ်နေ၍ ဆက်သွားမရသောကြောင့် ကားဆရာက လှည်းဆရာကို ငေါက်ငမ်းပြီး ကားလာတာမမြင်ဘူးလားကွ၊မင်းတို့ တောသားတွေမသိတတ်တော့ ခက်တာပဲ။ အခုဖယ်ကွာ။ မဖယ်ဘူးလား၊ ဖယ်မလားပြောဟု မာန်ထောင်လွှား၍ မချေမငံပြောဆိုရိုင်းပျမှုမျိုးလို့ ယူဆပါတယ်။ ဤကဲ့သို့သော အလားတူမျိုးစုံပေါ့ခင်ဗျာ။

http://www.dhammadownload.com



၈၇။ ဗျာရောသနာယ ကိုယ်နှုတ်တို့ဖြင့် စော်ကားထိပါး
နှိပ်စက်ခြင်းဖြင့်၄င်း၊

မိမိက အခြားသူတစ်ဦးအား နိုင်လိုမင်းထက်၊ ကိုယ် ပြုမိသော *ကာယကံ၊ ဝစီကံ*ကြောင့်အိပ်မပျော်၊ စားမဝင် အောင်၊ မစော်ကား မနှိပ်စက် အပ်ပါဘူး။ နိဗ္ဗာန်ရောက်အောင်ကြိုးစားနေသော ယောဂီမဟုတ် ခြင်းကြောင့် မနောကံ မသိမ်မွေ့တော့ *ကာယ၊ ဝစီ* ကြမ်းလာပါသည်။ တရားမကိန်းလို့ပါ။

၈၈။ ပဋိဃသညာယ ဒေါသစိတ်ဖြင့်၄င်း၊
နံပါတ် ၈၈ က အဖြေရှင်းပါတယ်။
အထူးဖြေစရာ မလိုပါဘူး ခင်ဗျား။

၈၉။ အညမညဿ အချင်းချင်း၏၊
၉၀။ ဒုက္ခံ ဆင်းရဲခြင်းကို၊
၉၁။ နက္ကစ္ဆေယျ အလိုမရှိပါစေလင့်၊

ဤစာပိုဒ်တွင် နံပါတ် ၈၉။ ၉၀။ ၉၁ တို့ကိုတစ် ပေါင်းတည်း ရှင်းမှာဖြစ်ပါတယ်။

*မနောကံ* သုံးပါးထဲက *အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ* လို သူတစ်ပါးပျက်စီးတာကို လိုလားတာမျိုး ဣဿမစ္ဆရိယ မနာလိုသဝန်တို့ ဆိုတာ မနောမှုဖြစ်တဲ့ကံတွေပါ။ မနော

http://www.dhammadownload.com


ကြည်အောင် မနော ကို စောင့်ထိန်းပါခင်ဗျား။

ကျန်စာပုဒ်များကတော့ အဖြေရှင်းပြီးသားဖြစ်၍ ဆက်၍အဓိပ္ပါယ်မဖွင့်တော့ပါခင်ဗျား။ ကျွန်တော်က စာဖတ်ရတာရှင်းအောင်လို့ *မေတ္တာသုတ်ပါဠိတော်* မှာ နံပါတ် (၁၂) ပုဒ်၊

*မေတ္တာသုတ်* မှာပါသော *ပါဠိတော်* တစ်လုံးချင်း၏ မြန်မာပြန်သည်(၁၄၁)ပုဒ်ရှိပါသည်။ကျွန်တော်အဓိပ္ပါယ်ဖွင့်သော မေတ္တာသုတ်၊ နံပါတ် (၂၁) မှ (၄၆) ထိဖြစ်ပါသည်။ တဖန် မြန်မာပြန်နံပါတ် (၈၀) မှ (၉၁) ထိဖြစ်ပါ၍ ကျန်စာပုဒ်များကတော့ ယောဂီတို့အလွယ်တကူသိနိုင်လို့ သဘောပေါက်လောက်ပါတယ်ခင်ဗျား။ လိုအပ်သည်များကိုလည်း ပြည့်စုံအောင် ထည့်သွင်းထားပါတယ်။ *ဘုရားဟော မေတ္တာသုတ်ပါဠိတော်* ၏ လမ်းစဉ်အတိုင်း ကျွန်တော်တို့သည် ကိုယ်ကျင့်ရမည့် တရားနှင့်ပြည့်စုံသူ၏ ပို့သသော မေတ္တာသည် အလွန်စူးရှ၍ ထက်မြက်သော အကျိုးအာနိသင် ပေးလိမ့်မည်ဟု ယုံကြည်ထိုက်ပေ၏။

*ဘုရားအပေါ် ယုံကြည်ခြင်း*

*တရားအပေါ် ယုံကြည်ခြင်း*

ဟောကြားပို့ချသော *သံဃာတော်များအပေါ်*

http://www.dhammadownload.com


ယုံကြည်ခြင်း နှင့်ပြည့်စုံကြပါစေ။ ဤ မေတ္တာသုတ်အဖွင့် ရေးရသောကြောင့် လောကသံသရာဆင်းရဲခြင်းမျိုးစုံမှကင်း၍ ဒုက္ခအပေါင်းမှ ကင်းလွတ်ရာနိဗ္ဗာန်သို့အထောက်အကူ အကျိုးဖြစ်ရပါလို၏။

"သဒိသံ ပါကံ ဇနေတိ"

မိမိပြုသော ကံအတိုင်း အကျိုးပေးမြဲတည်း။

ဤကောင်းမှုကြောင့် ဒုက္ခအပေါင်းမှ ကင်းရပါလို၏

ဦးခင်စိုး
**(မိုးတုတ်စီပဝဿနာပြန့်ပွားရေး)**
အမှတ်(၁၇၁)၊
မြစန္ဒာလမ်း၊ ၂၇ × ၂၈လမ်းကြား၊
အောင်တော်မူရပ်၊မန္တလေးမြို့။
ဖုန်း - ၀၂-၆၆၂၀၉

http://www.dhammadownload.com



ဦးခင်စိုး

# မိုးကုတ်ဝိပဿနာပြန့်ပွားရေး

အမှတ်(၁၇၁)၊မြစန္ဒာလမ်း၊၂၇×၂၈ကြား၊၆၂×၆၃ကြား
အောင်တော်မူရပ်၊ မန္တလေးမြို့။ ၀၂-၆၆၂၀၉

မှ

## ပြန့်ချိသောစာအုပ်များ

၁။ ဉာတပရိညာ (ပဌမ) တွဲ
၂။ ဉာတပရိညာ (ဒုတိယ) တွဲ
၃။ ပဋ္ဌာန်းပစ္စယနိဒ္ဒေသအဖွင့်
၄။ ဝိသာခနှင့်ဓမ္မဒိန္နာ
၅။ ဒိဋ္ဌိသုံးမျိုးဖြုတ်နည်းနှင့်ဝိပဿနာရှုနည်း
၆။ မေတ္တာသုတ်အဖွင့်
၇။ ဇော(၇)ကြိမ်နှင့် အာစိဏ္ဏကံ အာသန္နကံ
၈။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းလက်ကမ်းစာစောင်
၉။ ဆရာတော်ဘုရားကြီး၏ ဩဝါဒလက်ကမ်းစာစောင်
၁၀။ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းပိတ်ကားနှင့် Vinyl ဆိုဒ်စုံများ
ကို လက်လီလက်ကားဖြန့်ချိပေးနေပါသည်။

**လက်လီရနိုင်သောဌာနများ**

မန္တလေးမြို့စာအုပ်ဆိုင်များ
ရန်ကုန်မြို့တွင်းနှင့်ရွှေတိဂုံဘုရားစာအုပ်ဆိုင်များတွင် ရနိုင်ပါသည်။

http://www.dhammadownload.com

ဦးခင်စိုး ပြုစုသော

## မိုးကုတ် ဥပနိဿယ

နှင့်အညီ

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသ

အဖွင့်

ထွက်ပြီ

ပြုစုသူ ဦးခင်စိုး

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယအတိုင်း

ဇော (၇) ကြိမ် နှင့် အာစိဏ္ဏတံ အာသန္နတံ

ဆောင်ရန် ရှောင်ရန် တရားတော်

ထွက်ပြီ

စီစဉ်ထုတ်ဝေသူ ဦးခင်စိုး

ခြောက်ဒွါရအကြောင်းပြု၍ မနောမှာပေါ်သော

ဒိဋ္ဌိ သုံးမျိုးဖြုတ်နည်း

နှင့်

ဝိပဿနာရှုပွားနည်း

ထွက်နေပါပြီ

ပြုစုသူ ဦးခင်စိုး

နိဗ္ဗာန်ရောက်ကြောင်းအတွက်

လိုအပ်သောအကျင့်မြတ်များကို

မြတ်စွာဘုရားသည်

မေတ္တာသုတ်တွင်

ဟောကြားထားသော

မေတ္တာသုတ်အဖွင့်စာအုပ်

ထွက်နေပါပြီ

ပြုစုသူ ဦးခင်စိုး

http://www.dhammadownload.com

http://www.dhammadownload.com

